သင်၏တိုးတက်ရေးအတွက်
ဤစာအုပ်ကိုဖတ်ပါ။

## ပီမိုးနင်း

# ဆိုင်ကိုလိုဂျီ



Design - YéThuAung(AMK)

## မာတိကာ

အမှတ်စဉ် စာမျက်နှာ

### နည်းပြုအခန်းစဉ်


၁၆။ လူသည် အဘယ့်ကြောင့်တန်ခိုးကြီးသနည်း ၆၁
၁၇။ ဆိုင်ကိုလိုဂျီအစစ် ၆၇
၁၈။ ဆိုင်ရာအလုပ် ၇၁
၁၉။ ကြီးပွားရေး ၇၅
၂၀။ သွားလျှင်ရောက်၏ ၇၈
၂၁။ အတွက်မရှိ ၈၃
၂၂။ ကြောက်လျှင်သေ ၈၆
၂၃။ စိတ်လေ့ကျင့်နည်း ၈၉
၂၄။ စူးစိုက်ခြင်း ၉၂
၂၅။ မရောင့်ရဲနှင့် ၉၆
၂၆။ စူးစိုက်ခြင်းနှစ်မျိုး ၁၀၀
၂၇။ အေးအောင်နေ ၁၀၃
၂၈။ ဇွဲ ၁၀၇
၂၉။ ကိုယ်ပိုင်ဉာဏ် ၁၁၀
၃၀။ အထုံဝါသနာ ၁၁၄
၃၁။ ဘာကြောင့် စာတတ်သလဲ ၁၁၈

## မာတိကာ

| အမှတ်စဉ် | စာမျက်နှာ |
|---|---|


### နည်းပြအခန်းစဉ်

(က) မှတ်တမ်းတင် ... ၁

၁။ ဆုံးဖြတ်ခြင်း ... ၃

၂။ အကြောင်းမပြနှင့် ... ၇

၃။ လူကြီးတွေ ... ၁၀

၄။ လူ၏တန်ခိုး ... ၁၅

၅။ အပျင်းကိုနိုင်နည်း ... ၁၈

၆။ ကြီးပွားသောစိတ်နှင့်သာမန်စိတ် ... ၂၄

၇။ ပျက်အစဉ် ပြင်ခဏ ... ၂၇

၈။ တစ်ရွာမပြောင်းသူကောင်းမဖြစ် ... ၃၂

၉။ အလုပ်ကို မထိခိုက်ပါစေနှင့် ... ၃၅

၁၀။ ကမ္ဘာကျော်ဖြစ်အောင်လုပ်နည်း ... ၃၈

၁၁။ အရင်မလိုပါနှင့် ... ၄၂

၁၂။ မိမိကိုယ်ကို စစ်ဆေးနည်း ... ၄၆

၁၃။ စိတ်လက်နက် ... ၅၀

၁၄။ တကယ့် ဆိုင်ကိုလိုချီ ... ၅၄

၁၅။ ဆန္ဒစိတ် ... ၅၇

ထုတ်ဝေသူ- ဒေါ်မိမိလှိုင်၊ မိုးကျော်စာပေ
၁၂၉/၂၊ မီးဒုန်းလမ်းသွယ်(၄)၊ သုဝဏ္ဏ။
ပုံနှိပ်သူ - ဒေါ်မိမိလှိုင်၊ မိုးကျော်ပုံနှိပ်တိုက်
အမှတ်(၆၉)၊ ဇေယျသုခလမ်း၊ သုဝဏ္ဏ
ဖြန့်ချိရေး - မိုးကျော်စာပေ၊ အမှတ်(၃၈၅/၃၈၇)
(ရွှေဘုံသာလမ်း နှင့် ၂၉ လမ်းကြား၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀ ၂၉၅၉၊ ၀၉-၇၃၂၄၅၂၅၇
၀၉ ၅၁၈၉၈၈၃၊ ၀၉ ၄၂၃၇၁၈၆၀၀
ထုတ်ဝေ - ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - (၅၀၀) ကျပ်

၁၅၁
ဆိုင်ကိုလိုဂျီ
ပီမိုးနင်း၊ ရန်ကုန်၊ မိုးကျော်စာပေ (၂၀၁၄)
စာ - ၁၂၂၊ ၉ × ၁၄. ၅ စင်တီ
(၁) ဆိုင်ကိုလိုဂျီ (၂၀၁၄)

# ပြည်လုံးကျွတ်

# ပြန်နှံ့ချိရေး

မိုးကျော်စာပေ
အမှတ် (၃၈၅\၃၈၇)၊ ဗိုလ်ချုပ်လမ်း
(ရွှေဘုံသာလမ်းနှင့် ၂၉ လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
- ၀၉-၇၃၀ ၂၉၄၉၀၊ ၀၉-၇၃၂ ၄၄၂၄၇
၀၉-၅၀၈ ၉၈၈၃၊ ၀၉-၆၂၃ ၇၁၈၆၀၀

## မှတ်တမ်းတင်

ဤ **'ဆိုင်ကိုလိုဂျီ'** ကျမ်းစာအုပ်ကို နှစ်ပေါင်းများစွာ စာအုပ် မစုတ်မပြဲ တရိုတသေ သိမ်းဆီးကာ နိုင်ငံကျော် စာရေးဆရာကြီး ပီမိုးနင်းအား ချစ်ခင်ကြည်ညို လေးစားခဲ့ကြသူတို့၌ အပါအဝင်ဖြစ်သော ပုဂ္ဂိုလ်များအနက်မှ ကျွန်ုပ်တို့ ပီမိုးနင်း စာအုပ်တိုက်သို့ အများအကျိုးအတွက် သိနားလည်ကာ **'ဆိုင်ကိုလိုဂျီ'**စာအုပ်ကို ပေးပို့လိုက်ကြသော မန္တလေးမြို့ ဈေးချိုတော် တိုက်တန်းကြီးအမှတ် ၃၇ မှ **'ကေသိန်းမောင်နှင့် ၎င်း၏ကျောင်းဆရာ'** ဆရာကျော့ (ခေါ်) ဆရာဦးခင်မောင်တို့အား ဝမ်းမြောက် လှိုက်လှဲစွာဖြင့် သတိရလျက် ကျေးဇူးဥပကာ တင်ရှိပါကြောင်း ဤစာအုပ်၌ မှတ်တမ်းတင်လိုက်ပါ၏။

## 'ဆိုင်ကိုလိုဂျီ'

နိုင်ငံကျော် စာရေးဆရာကြီး ပီမိုးနင်းသည် ဤ **'ဆိုင်ကိုလိုဂျီ'** ကျမ်းမဟာကို ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ ခေတ်ဟောင်းမှ ရေးသား ပုံနှိပ်ထုတ်ဝေ ရောင်းချခဲ့ဖူးသော စာအုပ်ပင် ဖြစ်ပါသည်။

ယခုခေတ် (ဒုတိယ ကမ္ဘာစစ်ကြီးအပြီး)၌ ဤ'ဆိုင်ကိုလိုဂျီ'စာအုပ်ကို တစ်ကြိမ်တစ်ခါမျှပင် အမည်ပြောင်းလဲ၍သော်လည်းကောင်း ပုံနှိပ်ထုတ်ဝေ ရောင်းချခြင်းမရှိခဲ့ဖူးပေ။ ထို့အတွက် ဆရာကြီး ပီမိုးနင်း ရေးသားသော စာကိုသာ အထူးလေ့လာ ဆည်းပူးကြသော သုတကေသီ ထိုဤနွယ်ဖွား အမျိုးကောင်း သားသမီးအပေါင်းတို့အတွက် စီးပွားရေး၊ ကြီးပွားရေး၊ ချမ်းသာတိုးတက်ရေး စသည်တို့ကို အကျိုးပြုနိုင်မည်ဖြစ်သော ဤ 'ဆိုင်ကိုလိုဂျီ' ကျမ်းမဟာကို ကျွန်ုပ်တို့ 'ပီမိုးနင်း စာအုပ်တိုက်' မှ ပထမအကြိမ်အဖြစ် စတင် ပုံနှိပ်ထုတ်ဝေ ရောင်းချကြောင်း ထပ်ဆင့် မှတ်တမ်းတင် ရေးသားလိုက်ရပါ၏။

○ ○ ○

# နည်းပြအခန်း (၁)

## ဆုံးဖြတ်ခြင်း

လူတို့လုပ်သမျှ အရာရာမှာ၊ အထမြောက် အောင်မြင်ခြင်းကနည်း၍ မအောင်မြင်သောအရာတွေသာ များကြခြင်း၊ ချမ်းသာသင့်သလောက် မချမ်းသာခြင်း၊ ဖြစ်မြောက်သင့်သလောက် မဖြစ်မြောက်ခြင်းသည် လျှင်မြန်စွာ စိတ်ကို မပိုင်းဖြတ်ခြင်းကြောင့်လည်းကောင်း၊ စိတ်၌ ရှုပ်ထွေး၍ ဘယ်အရာကို လုပ်ရမည်၊ ဘယ်ကို သွားရမည်၊ ဘယ်အရာကို ဝယ်ရမည် စသည်ဖြင့် ပိုင်းဖြတ်ခြင်းအရာ၌ ဖင့်နွှေးကြခြင်းကြောင့် ဖြစ်လေသည်။

တစ်စုံတစ်ယောက် အိမ်မှ ထွက်ဖို့ရန် ဝတ်ဆင်ပြီးနောက် တံခါးအနီး၌ရပ်ကာ အိမ်ပေါ်က ဆင်းမည်အပြုတွင်

ဘယ်ကိုသွားမလဲဟု မေးချေက ဘယ်ရယ်လို့ မပြောတတ်သေးပါဘူး၊ အလကားလိုလိုပါပဲဟူသော စကားမျိုးကို ပြောသူတွေ လွန်စွာ များကြလေသည်။

ဈေးကိုသွားရာ၌ ဘာကိုဝယ်မည်ဟု ကြိုတင် ကြံစည်၍ သွားသူမှာ နည်းပါးလေသည်။ တစ်စုံတစ်ယောက်က တစ်စုံတစ်ရာကို မှာသောအခါ၌လည်းကောင်း၊ မိမိကိုယ်တိုင် တစ်စုံတစ်ရာကို အရေးတကြီးလို၍ ဈေးကိုလာသည့်အခါများ၌သာ ဘာကိုဝယ်မည်ဟု ကြိုတင်၍ သိကြလျက် အများအားဖြင့် ဈေးခြင်းကိုကိုင်ကာ အိမ်အတွက် ဝယ်ချမ်းဖို့ထွက်သူများမှာ ဘာကိုဟူ၍ စိတ်ကူးခြင်း၊ ကြိုတင်ကြံစည်ခြင်း နည်းပါးလေသည်။ တိုတိုပြောရမည်ဆိုလျှင် အချို့မှာ ဈေးဆိုင်၌ ပစ္စည်းကလေး တစ်ခုကိုဝယ်ရန်အတွက် တစ်နာရီနီးနီး အချိန်ကုန်စေကြလေသည်။

ဤမျှလောက် စိတ်ကိုမနိုင်ခြင်း၊ ဆုံးဖြတ်ခြင်းကို လျှင်မြန်စွာ မပြုတတ်လေရာ လောကကြီးပွားရေးအတွက် ထိုလျင်မြန်စွာ ဆုံးဖြတ်သော စိတ်သည် လွန်စွာ အရေးကြီးလေသည်။ လျင်မြန်စွာ ဆုံးဖြတ်တတ်ခြင်းသည် အချိန်ကုန်နည်း၍ ရည်ရွယ်ချက်ကို ပေါက်ရောက်စေနိုင်လေသည်။ ဆုံးဖြတ်ချက်သည် ရည်ရွယ်ချက်ကို ပြ၏။ တစ်စုံတစ်ရာကို ထိထိရောက်ရောက် လျင်မြန်စွာ မဆုံးဖြတ်တတ်ခြင်းသည် ရည်ရွယ်ချက် မပိုင်ခြင်း၊ မမြဲခြင်းကို ပြသည်။

ကြီးပွားရေး၊ စီးပွားရေးအလုပ်၌ လေးသမား၊ သစ်ခုတ်သမားကဲ့သို့ ချိန်၍ပစ်ရ၏။ အဘယ်အရာကို ချိန်ရမှန်းမသိသူ၊ လျင်မြန်စွာ မချိန်တတ်သူတို့မှာ တစ်စုံတစ်ရာ ပစ်ခတ်ရမည်မဟုတ်ပေ။ ထို့အတူ ဘာကိုလုပ်မည်၊ ဘယ်ကိုသွားမည်၊ ဘာကိုပြောမည် စသည်ဖြင့် လျင်မြန်သော ဆုံးဖြတ်ချက်ကို ပြုနိုင်အောင် လေ့ကျင့်အပ်ကြလေသည်။ လျင်မြန်စွာ ဆုံးဖြတ်တတ်ခြင်းသည် သမင်၊ ဒရယ်ကို အပြေးမှာ ထိအောင်ပစ်သော သေနတ်သမားနှင့်တူလေရာ လောက၌ ပိုမို၍ ကြီးပွားနိုင်လေသည်။

တစ်စုံတစ်ခု လုပ်၍ မှားခြင်းသည် မလုပ်ဘဲ စိတ်စော၍နေခြင်းထက် အကျိုးရှိ၏။ မှားပြီး အမှန်ကိုရောက်နိုင်လေသည်။ အဘယ်သောအခါမှ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် မချနိုင်သူတို့မှာ အချိန်ကို ဖြုန်းသူဖြစ်သည့်အပြင် မိမိ၏စိတ်ကို မပိုင်မနိုင်သူတစ်ယောက် ဖြစ်လေသည်။ မိမိ၏ စိတ်ကိုမနိုင်သောသူသည် လောက အောင်မြင်ခြင်းစစ်ပွဲမှာ အနိုင်ရဖို့ ခက်ခဲလေသည်။

လျင်မြန်စွာ ဆုံးဖြတ်နိုင်သော သတ္တိကိုရ၍ ဆုံးဖြတ်သည့်အတိုင်း လျင်မြန်စွာ လုပ်တတ်သူတို့အထဲတွင် သေလျှင်မြေကြီး၊ မသေလျှင် ရွှေထီးဆိုသော လူတွေများကြလေသည်။ ထိုသတ္တိကို လေ့ကျင့်လျှင် ရနိုင်လေသည်။ မရနိုင်သော သတ္တိ

မဟုတ်ပေ။ ထိုသတ္တိကို ရသောအခါ ငါ မဆင်းရဲနိုင်၊ ငါ ချမ်းသာတော့မည်၊ ငါ ကြီးပွားတော့မည်ဟု စိတ်ချနိုင်သော အခြေအနေသို့ ရောက်နိုင်တော့၏။ ထိုသတ္တိကို ရဖို့ရန်နည်းလမ်းမှာ အမှတ်သညာ ထားတတ်သော အလေ့အကျင့်ပင် ဖြစ်လေသည်။ သို့ဖြစ်၍ မိမိတို့အလုပ်နှင့် ဆိုင်သမျှမှာ မှတ်စရာရှိသမျှကို မှတ်သားရန် သင့်ကြလေသတည်း။

## နည်းပြအခန်း (၂)

### အကြောင်းမပြနှင့်

သူငယ်တစ်ယောက် ကြီးပွားမည်၊ မကြီးပွားမည်ကို ကြိုတင် သိနိုင်သော အမှတ်တစ်ခုရှိ၏။ ထိုအမှတ်လက္ခဏာ မှာကား အခြားမဟုတ်၊ လူကြီးမိဘ ဆရာသမားများက တစ်စုံ တစ်ရာလုပ်ဖို့ ရှာခိုင်းသည့်အခါ မဖြစ်ဖြစ်အောင် ဆောင်ရွက် ခြင်း ဖြစ်လေသည်။

အများအားဖြင့် ဖြစ်အောင်မလုပ်ဘဲ အဲဒါယ်အတွက် မဖြစ်ခဲ့သည်၊ အဘယ်အတွက် မရခဲ့သည်ဟူသော အကြောင်း ပြချက် တစ်မျိုးနှစ်မျိုးကို ပြန်၍ပေးတတ်ကြလေသည်။ မဖြစ် မနေဘူး ဖြစ်အောင်လုပ်မည်၊ မရ မနေဘူး ရအောင်လုပ်မည် ဟူသော အစွမ်းသတ္တိမျိုးကို အားကိုးသော ငယ်ရွယ်သူတို့မှာ နည်းပါးကြလေသည်။

အချို့သော ကလေးများအား အိမ်၌ ပစ္စည်းအသုံးအဆောင် တစ်ခုခုကို လူကြီးက အရှာခိုင်းရာ များစွာသော ကလေးတို့မှာ မရှိဘူး အမေဟု ပြောပြီး ကစားဖို့ အိမ်ပေါ်က ဆင်း၍ပြေးကြ၏။ အနည်းငယ်မျှသာ ကလေးငယ်များမှာ မရ မက ရှာ၍ပေးတတ်လေသည်။ ဤ ဒုတိယ ကလေးသည် ကြီးပွားသောကလေး ဖြစ်နိုင်၏ဟု သိနိုင်လေသည်။

လူကြီးများသည် ကလေးများ၏စိတ်၌ ဤသတ္တိကို သွင်း၍ပေးလျှင် ဖြစ်နိုင်လေသည်။ တစ်စုံတစ်ရာကို အရှာခိုင်းရာ မရှာဘဲ မရှိဘူးဟု ပြောသည့်အခါ မရှိရှိအောင် ရှာရမည်ဟု တင်းတင်းပြောချေက နောင် အခိုင်းခံရသည့် အခါတိုင်းမှာ မိမိမှာ တာဝန်တစ်ခုရှိသည်ဟု အမှတ်ဖြစ်ပေါ်စေလျက် ရအောင် ကြံတတ်သော သတ္တိအစွမ်းကို ထုတ်ကြရပေလိမ့်မည်။

တစ်စုံတစ်ရာ ခိုင်းသည့်အခါ ဖြစ်မြောက်အောင်လုပ်တတ်သော သူငယ်တစ်ယောက်အပေါ်၌ လူကြီးများ အဘယ်မျှလောက် ချစ်ခင် လိုလားသော စိတ်ရှိတတ်သည်ဟူသော အကြောင်းကို သိကြချေက ပေါ့လျော့ကြမည် မဟုတ်ပေ။

တစ်စုံတစ်ရာကို ခိုင်းသည့်အခါ ခိုင်းသူသည် မဖြစ်နိုင်သည့် အကြောင်းရင်းကိုသိဖို့မဟုတ်၊ ဖြစ်အောင်လုပ်ဖို့ ခိုင်းခြင်းသာ ဖြစ်လေရာ ဘယ်သို့ဘယ်ညာ အကြောင်းပြဖို့ အချက်များ

ကို လက်ဆောင်ပြုကာ ပြန်၍မလာဘဲ ခိုင်းသောအရာကို ဖြစ်မြောက်အောင် အစွမ်းရှိသမျှ ကြိုးစားအပ်လှပေသတည်း။

လူသတ္တိကို လူစွမ်းလူစခေါ်လေရာ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ လူအများတို့၏အထက်မှာ နေရသော သတ္တိဖြစ်လေသည်။ ဤသတ္တိသည် အမြဲ စစ်တိုက်ရသော လောကဖြစ်လေရာ ဤသတ္တိမျိုး ဇွဲမျိုးမရှိသူတို့မှာ အသက်မွေးခြင်း စစ်ပွဲ၌ ပြိုလဲအောက်ကျ ကျွမ်းမှောက်၍ သေကြရသူများသာ ဖြစ်ပေတော့သတည်း။

○ ○ ○

# နည်းပြအခန်း (၃)

## လူကြီးတွေ

ယခုခေတ်ကာလ ကြီးပွားတိုးတက်ရေးစာများ၊ ချမ်းသာခြင်း၊ ဝီရိယရှိခြင်းအကြောင်းများကို ရေးသားကာ တိုးတက်ရေးလမ်းကြောင်းကို ပြကြလေသည်။

ရှေးအခါက ပညာကိုရှာကြ၊ လူမိုက်နှင့်မပေါင်းကြနှင့်၊ မိဘစကား နားထောင်ရမည်၊ သောက်စား လောင်းကစားခြင်းကို ရှောင်ကြဉ်ရမည်ဟု ရေးသားကြလေသည်။

ထိုစကားများသည် လူတစ်ဦးတစ်ယောက် ကြီးပွားခြင်းနှင့်သာဆိုင်လေရာ လူမျိုးတစ်မျိုးလုံး ကြီးပွားခြင်းအတွက်နှင့်ကား ထိုနည်းများနှင့် မလုံလောက်ပေ။ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ စိတ်သဘောကြီးခြင်း၊ သည်းခံခြင်း၊ စာနာထောက်ထားခြင်း ခေါ်သော မြင့်မြတ်သည့် စိတ်များရှိကြမှသာ လူတစ်မျိုးလုံး ကြီးပွားနိုင်လေသည်။

ကျွန်ုပ်တို့ မြန်မာအမျိုးသားများမှာ ဤစိတ်မျိုး များစွာ မရကြသေးပေ။ လူကြီးလူကောင်း အထက်တန်းစား လူကုံထံ များသော်မှ စိတ်နေသဘောထား ကြီးကြီးမားမား မထားတတ်ကြောင်း သိမြင်ရလေသည်။

သူဌေးသူကြွယ် ဖြစ်ရုံမျှနှင့် လူ၏အဆင့်အတန်း မမြင့်ပေ။ စိတ်နေသဘောထား မြင့်မှသာ လူမြင့်၏။ ရွှေငွေပေါတိုင်း လူကြီးမဟုတ်၊ စိတ်နေသဘောထားကြီးမှသာ လူကြီးဖြစ်နိုင်လေသည်။ ကမ္ဘာပေါ်၌ လူမျိုးကြီးဖြစ်ဖို့ရန် စိတ်နေသဘောထားကြီးဖို့ လိုပေသည်။ စည်းစိမ်ဥစ္စာ၊ ရွှေငွေဘဏ္ဍာတို့မှာကား စိတ်ကြီးလျှင် ပါဝင်ပြီးမြောက်ပြီးပေတည်း။

စိတ်သဘောထား သိမ်ငယ်သူတွေများသော လူမျိုးမှာ တစ်ယောက်စီ တစ်ယောက်စီ အနည်းငယ်မျှ တစ်ခဏမျှ ကြီးပွားချမ်းသာနိုင်၏။ တိုးတက်၍ လူမျိုးတစ်မျိုးလုံး ဂုဏ်ကျက်သရေ ထွန်းလင်းတောက်ပအောင် မကြီးပွားနိုင်ကြပေ။

လူသည် အစုအဝေး အသိုက်အဝန်းကို မှီ၍ တစ်ယောက်စီ ကြီးပွားကြလျက် တစ်စုလုံးသို့ ကြီးပွားရေး ကူးစက်ရလေသည်။

စိတ်သဘောငယ်ကြလျှင် အစုအဝေးမှာ အားမရှိပေ။ စုဝေးခြင်းဖြင့် အကူအညီကို မရ၊ စုဝေးခြင်းကြောင့် နီးကပ်

ပွန်းတီးဖို့သာ ရှိလေသည်။ ပွန်းတီးခြင်းဆိုသည့် စကားအရ ပွန်းပဲ့ခြင်းသာလျှင် ဖြစ်ဖို့ရှိလေသည်။

ကျွန်ုပ်တို့လူမျိုးမှာ အလုပ်ကြီး အကိုင်ကြီးကို အစုအဝေးနှင့် မလုပ်နိုင်ကြသည်မှာ စိတ်သဘောထား သေးငယ်ခြင်းကြောင့် ဖြစ်လေသည်။ သေးငယ်ခြင်းသည်လည်း အသိအမြင် မရှိသူတွေများကြခြင်းကြောင့် ဖြစ်လေသည်။

အသိအမြင်ရှိသော ယခုခေတ်ကာလ လူများအနက် အနောက်တိုင်း၏ ယဉ်ကျေးခြင်း၊ အနောက်တိုင်းသား လူကြီးသူကြီးများ၏ နည်းစနစ်တို့ကို သိကြ၊ ကြားကြ၊ ဖတ်နာကြရသဖြင့် စိတ်နေသဘောထား ကြီးမားကြသော်လည်း ၎င်းတို့မှာ အခွင့်အာဏာ ဩဇာတန်ခိုး မရှိကြပေ။ အလုပ်ကြီးအကိုင်ကြီးများကို လုပ်လိုသော်လည်း ၎င်းတို့၏လက်ဝယ် အင်အားမရှိ၊ ယခုအခါမှာ အလွန်ဆုံးအားဖြင့် ကိုယ်စွမ်းကိုယ်စဖြင့် အခွင့်ကို ရအောင်ရှာကြံခြင်းမှတစ်ပါး ကြီးကျယ်စွာ မတတ်နိုင်သေးပေ။

ထိုစိတ်ကောင်းစိတ်မြတ်တို့ကို ရှေးလူဟောင်းများ၌ ကျွန်ုပ်တို့ များစွာ အားကိုးဖို့ မရှိတော့ပေ။ လူငယ်များမှာသာ အားထားဖို့ရှိလေရာ ၎င်းတို့သည် လူကြီးများ အခြေအနေကို ရကြသောအခါ၌သာ တိုင်းပြည်အတွက် အတော်အတန် အားကိုးရာရဖို့ ရှိလေသည်။ သို့သော်လည်း အနောက်တိုင်း ပညာများကို သင်ကြရလျက် စိတ်နေသဘောထားပုံ မပြောင်းဘဲ

ငှက်ပြောပင်စိုက် မိလိုက်ဖပါ၊ လူကြီးအချို့တို့၏ နမူနာကိုသာ ဆက်ခံကြချေက နောင် လာမည့်နှစ်ပေါင်း တစ်ရာအတွင်း မြန်မာပြည်အတွက် မျှော်လင့်ဖွယ်ရှိမည်မဟုတ်ကြောင်း အထူး သတိပေးလိုက်ရပေသတည်း။

ဤစကားကို လူကြီးအချို့တို့က သဘောကျမည် မဟုတ်ပေ။ သို့ပသော်လည်း ၎င်းလူကြီးများ၏လက်ထက်၌ တစ်စုံတစ်ရာကိုမျှ စည်းလုံးညီညွတ်သောနည်းဖြင့် ဖြစ်မြောက် စွာ မပြုနိုင်ကြသဖြင့် လူမျိုးကွဲတွေ ကြီးပွား၍နေကြသည်မှာ မျက်မြင်ဖြစ်လေသည်။ သိမ်ကြီးဈေးကဲ့သို့သော အဖွဲ့အစည်းနှင့် လုပ်သောအလုပ်ကြီးမျိုး တစ်ခုခုကို ကျွန်ုပ်တို့ မြန်မာလူမျိုး များ ပြုနိုင်ကြချေက ဤယခု ဖော်ပြချက်သည် လွန်ကျူးသည်ဟု ဆိုရ ပေမည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ လက်ရှိ ငွေကြေး အမြောက်အများတို့ကို တစ်ယောက်စီ တစ်ယောက်စီ အချင်း ချင်း ဂုဏ်ပြိုင်ကာ သုံးဖြုန်းခဲ့ကြခြင်းကြောင်း လုံးပါးပါးလျက် အရာမထင်ခဲ့ကြသည်မှာ လူကြီးတွေ စိတ်မကြီးသေးသော ကြောင့်ဟု မပြောသင့်ပေလော့။ ယခုအခါသည်ကား လူငယ် တစ်စု၏ ခေတ်အစပြုလေပြီ။ သို့သော်လည်း လူကြီးများ၏ မှားယွင်းမှုကြောင့် လူငယ်များမှာ လက်မဲ့ အခြေအနေနှင့် အမျိုး သားဂုဏ်ကို ပြန်၍ ဆယ်ကြရမည်ဖြစ်ရာ အပ်နှင့် ကလော်ရ မှာကို ပေါက်ဆိန်နှင့်ပေါက်၍ ထွင်ရမည့်အနေသို့ ရောက်၍ နေလေသည်။ လူကြီးများမှာ ဘုရားကြည်ညိုသလောက်

ကျောင်းကန်ဘုရားတည်သလောက်၏ ဆယ်ပုံတစ်ပုံမျှ စိတ် သဘောကြီးကြ၍ အသိပညာရှိကြချေက ကျွန်ုပ်တို့လူမျိုးမှာ ယခုကဲ့သို့ ရန်ကုန်မြို့အပြင်ဘက်သို့ ရောက်ကြဖို့မရှိပေ။ ရန်ကုန်မြို့၌ လူမျိုးကွဲ အဆောက်အဦ အလုပ်အကိုင်များကို သာ တွေ့ရခြင်းသည် လူငယ်များ၏ အပြစ်မဟုတ်ပေ။ သို့ပါ လျက် လူကြီးတွေကို မြှောက်စားကာ ခေတ်ကာလ လူငယ်များ ကို အပြစ်ဆိုသော အချို့သော ပညာရှိ အတုအယောင် ကြက် တူရွေး၊ သာလိကာ စာတတ်တို့၏ မှောင်ကျသော စကားများ ကို အချို့သော မဂ္ဂဇင်း သတင်းစာများ၌ တွေ့မြင်ရသည်မှာ အံ့ဖွယ်ရာ ဖြစ်ပေသတည်း။

## နည်းပြအခန်း (၄)

### လူ၏တန်ခိုး

လူ၏ အတွင်းသဏ္ဌာန်၌ တန်ခိုးတစ်ခုရှိ၏။ ထိုတန်ခိုး၏အစွမ်းဖြင့် လူသည် တိရစ္ဆာန်များနှင့် ခြားနားနေလေသည်။ ထိုတန်ခိုးသည်ကား အထင်အမြင်စိတ်ပင် ဖြစ်လေသည်။

လောကဓာတ်တစ်ခုလုံး၌ မြင်သမျှကုန်သော ကြီးကျယ်သော အရာဟူသမျှ တိုးတက်သော အရာဟူသမျှသည် လူ၏ အထင်အမြင်စိတ်မှ ထွက်ပေါ်ကြရလေသည်။ ရွှေတိဂုံစေတီတော်ကြီး မပေါ်မီက တစ်စုံတစ်ယောက်၏ အထင်အမြင်စိတ်၌ ထိုစေတီတော်ကြီး ပေါ်ပေါက်ပြီး ဖြစ်ရလေသည်။ အာဂရာမြို့ တပ်အဆောက်အဦကြီးသည် ကမ္ဘာပေါ်၌ အလှဆုံး၊ အချိုးအစားအကျဆုံးဖြစ်ရာ ရှေးဦးပထမ တစ်စုံတစ်ယောက်၏

အထင်အမြင်စိတ်၌ ထို့ထက် ကြီးကျယ်စွာပင် ပေါ်ပေါက်လျက် ရှိကြလေသည်။ လေယာဉ်ပျံ၊ ဝိုင်ယာလက်၊ ရေဒီယို၊ ဓာတ်သီချင်းစက်များသည် တစ်ဦးတစ်ယောက်၏ အထင်အမြင်စိတ်မှသာ ပေါ်ပေါက်သည်မဟုတ်၊ ကမ္ဘာဦးသူတို့၏ စိတ်မှာ ဆက်ဆက် ပေါ်ပေါက်တောင့်တခဲ့ပြီးဖြစ်ကြောင်း ဒဿဂီရိ ခေါင်းဆယ်လုံး၊ ရာမ၊ သီတာ ဇာတ်မျိုးဖြင့် သိရလေသည်။

အီဂျစ်ပြည် ပိရမစ်ကြီးများသည် ထို့အတူ စ၍ စိတ်၌ပေါ်ပေါက်ပြီးနောက် အထည်ကိုယ်ဖြစ်၍ လာရလေသည်။

တိရစ္ဆာန်များမှာ ထိုသတ္တိသည် အနည်းငယ်မျှ မထင်မရှား၊ သတ်မှတ်သော အတိုင်းအရှည် ပမာဏကလေးမျှနှင့်သာ ရှိလေရာ လူမှာ အဆုံးမရှိပေ။ စာတလေးသည် မိုးကျခါနီးသောအခါ ဥတုနှင့် အပူအအေး အခိုးအငွေ့ အနံ့အသက်တို့၏အစွမ်းကြောင့် အသိုက်ကို ထင်မြင်၏။ ထိုထင်မြင်ခြင်းမှာ အချိန်အခါ နီးကပ်၍လာမှသာ ပေါ်ပေါက်၍လာလေသည်။ လူမှာ ထိုကဲ့သို့မဟုတ်၊ အဆုံးမရှိ အတိုင်းအရှည်မရှိဘဲ အဝေးကြီး ကြိုတင်၍ ထင်မြင်နိုင်လေသည်။

ထိုအထင်အမြင်၏ စိတ်တန်ခိုးကြောင့် တစ်စုံတစ်ရာကို လုပ်၍ဖြစ်ရုံမက ယခုအခါ ထိုစိတ်အစွမ်းကြောင့် အလိုရှိသော အရာတစ်ခုကို တိုက်ရိုက် ရရှိအောင်ပင် ဖြစ်နိုင်ကြောင်း ဆိုင်ကိုလိုဂျီ ဆရာများ လက်တွေ့ပင် သိရှိကြလေသည်။

တစ်စုံတစ်ရာကို ထိုက်တန်သောစိတ်နှင့် တကယ်ထိထိရောက်ရောက် တောင့်တလျက် စိတ်များထင်မြင်၍နေ ချေကရဖို့ရန်နည်းလမ်း တစ်ခုခု အမှန်ပေါ် ပေါက်၍ လာရလေ သည်။

မေတ္တာပို့လျှင် ထိရောက်တတ်ခြင်းသည် ထိုစိတ်၏အစွမ်းပင်ဖြစ်ရာ အဟုတ်တကယ် တစ်စုံတစ်ယောက်အတွက် ထိရောက်စွဲလမ်း စူးရှသောစိတ်နှင့် မေတ္တာပို့လျှင် ပြည့်ဝနိုင်လေသည်။

တစ်စုံတစ်ယောက်ကို စွဲစွဲလမ်းလမ်း ထင်မြင်သည့်အခါ အထင်အမြင် ခံရသူစိတ်၌ ထင်မြင်သူကို သတိရတတ်လေသည်။ ဤကား ထင်သောစိတ်၏ သတ္တိတန်ခိုးအရှိန်ပင်ဖြစ်သည်။

သို့ဖြစ်လေရာ ဥစ္စာကိုဖြစ်စေ၊ ပညာကိုဖြစ်စေ၊ အကျင့်စာရိတ္တကိုဖြစ်စေ၊ အဆွေခင်ပွန်းကိုဖြစ်စေ၊ ထိထိရောက်ရောက် ထင်မြင်တောင့်တကြလျှင် ဧကန်ပင် ရရှိနိုင်ရန် နည်းလမ်းပေါ်ပေါက်နိုင်ကြောင်း ယုံကြည်အပ်ပေသတည်း။

❂ ❂ ❂

## နည်းပြအခန်း(၅)

### အပျင်းကိုနိုင်နည်း

လုံ့လရှိရမည်၊ ကံကိုသာ အားမကိုးရ ဝီရိယကို မလျှော့ကောင်းဟူသော တရားစကားကို သူသူငါငါ ဟောကြ ရေးကြ ပြောကြ၏။ ထိုအကြောင်းကို မည်သူမဆို သိပြီးဖြစ်လေရာ အလဟဿ ပျင်းသောသူအား၊ ကုတောသိပွဲ၊ အဘယ်မှာ ပညာရအံ့နည်း စသည့် လောကနီတိ စကားမျိုးသည် ရိုးလျက် အကျိုးမရှိပေ။ ထိုအကြောင်းကို လောကနီတိမဖတ်ဘဲ မည်သူမဆို သိ၏။ စာရေးသူအား တစ်စုံတစ်ယောက်က-

"ဆရာ ရေးတာတွေတော့ မှန်ပါရဲ့၊ သို့သော်လည်း လောကနီတိကို ဖတ်ပါဦး၊ လောကနီတိမှ အသားပါတယ်"

ဟု ပြောဖူးလေသည်။

စာရေးသူမှာ ရောမ ပညာရှိကြီးများစွာတို့၏ စာများစွာတို့ကို ဖတ်ခဲ့ဖူးသည့်ပြင် ကိုယ်တိုင် ထိထိရောက်ရောက် မြောက်မြားစွာသော စာတို့ကို လူတိုင်း သဘောပေါက်အောင် ရေးခဲ့သူဖြစ်ရကား ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်အား လောကနီတိထက် ကောင်းသော စာများကို မတွေ့သူဖြစ်ကြောင်း ဝန်ခံလာသူပင် ဖြစ်သည်။ ၎င်းကိုယ်တိုင်ကလည်း မိမိကိုယ်တိုင် နှုတ်ငုံရကြောင်း ဖွင့်၍ ဝန်ခံရှာလေသည်။ စာရေးသူမှာ လောကနီတိလို စာသွားမျိုးနှင့် လူ၏စိတ်ကို မပြောင်းလဲစေနိုင်ကြောင်း သိသဖြင့် ထိုကျမ်းကလေးကို တစ်ခါမျှ ဖတ်ဖူးရုံရှိ၏။ ကျက်မှတ်စရာဟူ၍ကား ပါဠိမှတစ်ပါး အခြား မတွေ့ခဲ့ပေ။ လောကနီတိ၌ လုံ့လရှိရမည်ကား မပါပေ။

ပျင်းရိခြင်းသည် အကျိုးယုတ်စေကြောင်း လူတိုင်းသိ၏။ သို့သော်လည်း အပျင်းကို အရသာရှိသည်ဟု မှတ်ထင်နေကြလေရာ သိလျက်နှင့် ပျင်း၍နေကြခြင်း ဖြစ်လေသည်။ ယခုကာလ ဆိုင်ကိုလိုဂျီနည်းမှာ လောကနီတိလို မပျင်းနဲ့မဆို၊ အပျင်းကို နိုင်အောင်လုပ်နည်းကို ညွှန်ပြလေသည်။ ညွှန်ပြပုံမှာ ပျင်း၍ ဘာကိုမျှမလုပ်ဘဲနေလျှင် ပျင်းခြင်းမှာ ဝန်လေး၍လာတတ်ကြောင်း၊ အပျင်းကို အရသာရှိသည်ဟု ပျင်းသူများ မှတ်ထင်တတ်ကြသည်မှာ မဟုတ်ကြောင်း၊ ထိုသဘောကို အဖန်ဖန်ရှုခြင်းဖြင့် အပျင်းကိုနိုင်ကြောင်း ဖြစ်လေသည်။

အလုပ်တစ်ခုခု ရှိသည့်အခါ နက်ဖြန်သို့ မဆိုင်းဘဲ ယခု ချက်ချင်းလုပ်မှ ပြီးပြတ်ကြောင်း သိကြ၏။ သို့သော်လည်း ယခု ချက်ချင်း လုပ်ချင်အောင် အဘယ်ပုံ ကြိုးစားရပါမည်နည်း။

အပျင်းကို ခွဲခြားစိတ်ဖြာ၍ကြည့်၊ မလုပ်မီ တစ်ခဏမှာသာ အပျင်းရှိ၏။ ထိုခဏကလေးကိုနိုင်ဖို့ အလုပ်ကို ယခုထ၍ စလိုက်ရန်မှာ ခက်ခဲခြင်းမရှိပေ။ ထိုမခက်ခဲသော အစကို စပါလေ။ စမိသောအခါ အပျင်း၏ အစွမ်းသတ္တိ မာန်စွယ်ကို ချိုးနှိမ်မိပြီးဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ အကြောင်းမူကား စမိသောအခါ မစမီကလောက် မပျင်းတော့ပေ။ ထို့နောက် တစ်မိနစ်ကို ငါးမိနစ်ဖြစ်ပြီးနောက် ၁၀ မိနစ်ဖြစ်အောင်ဆွဲဖို့ရန် သာ၍လွယ်၏။ ထိုနည်းဖြင့် အပျင်းကို နိုင်နိုင်လေသည်။

ပို၍နိုင်ဖို့ရန် အကုအညီမှာ ပျင်းခြင်းသည် ကျက်သရေမရှိ၊ ဂုဏ်မရှိ၊ သားသားနားနား အလုပ်ကိုလုပ်ခြင်းသည် ဂုဏ်ရှိ၏၊ အလုပ်လုပ်၍နေသူအား မလုပ်သော လူပျင်းသည် အလိုလို ရှက်ကြောက်ရှိသေရ၏။ အဖန်ဖန် ဆင်ခြင်တတ်က အပျင်းသည် တစ်စတစ်စ လျော့ရလေသည်။

အခြားအကူအညီမှာ အလုပ်နှင့်ဆိုင်ရာ လက်နက်ကိရိယာတို့ကို အလုပ်ဌာန၌ အသင့်ရှိစေရမည်။ အလုပ်၌ ပျော်စရာ အချက်တွေကို ရှာရမည်။ အလုပ်နေရာကို သပ်ရပ်စွာ

ထားရမည်။ ဥပမာ လက်သမားသည် ကုလားထိုင်ကို လုပ်ရမည် အတွက် ပျင်း၍နေ၏။

ငါ အလုပ်မလုပ်သေးဘူး၊ လက်နက်ကိရိယာများကို သာ အသင့် လုပ်ထားရမည်ဟု အောက်မေ့ကာ လက်နက်များ ကို ယူ၍ စီမံနေရာ ချထားပါလေ။ ထို့နောက် ငါ မလုပ်သေးဘူး၊ ဒီသစ်သားစောင်းကလေးကို ရွှေ့ရုံရွှေ့ကြည့်စမ်းမယ်ဟု မိမိ ကိုယ်ကိုပြောကာ နည်းနည်းတိုး၍ လုပ်ရမည်။ ထိုနည်းဖြင့် ငပျင်းကို တစ်ပတ်ရိုက် လှည့်စားဖန်များသောအခါ ငပျင်းကို နိုင် ရုံမက တစ်စတစ်စ အလုပ်၌ အကျင့်ပါပြီး အပျင်းရောဂါမှ ကင်းလွတ်နိုင်လေသည်။

အပျင်းမှာ အလုပ်ကိုကြောက်သော အကြောက်တစ်ခု ရှိ၏။ ထိုအကြောက်ကိုလည်း နိုင်ဖို့နည်း ရှိလေသည်။ အလုပ် များခြင်းနှင့် နည်းခြင်းကိုကြည့်လျှင် ကြောက်မက်ဖွယ်ကောင်း ၏။ ပညာသင်သောသူသည်လည်းကောင်း၊ စာအုပ်ကြီးကိုဖတ် ရမည့်သူသည်လည်းကောင်း၊ အဆုံးဘက်ကို မကြာခဏ ကြည့် ချေက တော်တော်နဲ့ပြီးမှာမဟုတ်၊ ပေါက်ရောက်မှာ မဟုတ်ဟု တွေးကာ စိတ်လျှော့တတ်လေသည်။ ထိုကဲ့သို့မကြည့်ဘဲ ဤမျှ သာ ပြီးအောင်လုပ်မည်၊ ကျန်သော အပိုင်းများမှာ နောင်ခါလာ နောင်ခါချေး အရေးမကြီးပါဘူး၊ ယခု ငါ့မှာ လုပ်စရာ ဤအစ ကလေးသာ ရှိသည်၊ ဤနည်းနည်းကလေးကို ပြီးအောင်လုပ်ရ

မည်၊ အဘိဓာန်ကြည့်သူသည် အလွန်ကြီးသော အလုပ်ကြီး၏ အဆုံးသို့ လှမ်းမျှော်လျှင် များစွာ စိတ်ပျက်ဖွယ် ဖြစ်လိမ့်မည်။ ကကြီးတစ်လုံးကို ငါ သေသေချာချာ ကုန်စင်အောင်ရေးမည်ဟု သဘောထားချေက စိတ်ပျက်ဖွယ်ကို မြင်မည်မဟုတ်ပေ။ အချိန်သည် မကုန်မီမှာ ကြာသည်ထင်ရ၏။ ကုန်လွန်သောအခါ မကြာလှပေ။ အလကားနေလျှင် နောင် သုံးနှစ်ကြာသောအခါ ငါ့မှာ တစ်စုံတစ်ရာရမည်မဟုတ်။ သုံးနှစ်သည် မသေလျှင် ကုန်လွန်ရမည်။ တစ်စုံတစ်ရာကို ယနေ့ နည်းနည်းလုပ်လျှင် ယနေ့အတွက်ရ၏။ နောင်တစ်နေ့ကျလျှင်လည်း ယနေ့ နည်းနည်းလုပ်ရမည်ဟု သဘောထား၍ လုပ်ပါလေ။ သို့ လုပ်သူမှာ ယနေ့တစ်နေ့အတွက် လုပ်ရင်း သုံးနှစ်ကြာသောအခါ အဖိုးတန်တစ်စုံတစ်ရာကို စုပုံပြီး ရရှိနိုင်လေသည်။ လုပ်ရသည်ကား ၃ နှစ်စာကို လုပ်ရသည်မဟုတ်ပေ။ တစ်နေ့ စာကလေးမျှသာ လုပ်ရ၏။ တစ်နေ့ကိုသာ တွေး၍လုပ်ပါ။ သုံးနှစ်တာကာလသည် အလိုလို ဖြစ်၍လာလိမ့်မည်။ သုံးနှစ်ကို ကြိုတင်၍ မမျှော်နှင့်၊ ယခု မျက်မှောက်အချိန်ကလေး အချည်းနှီးဖြစ်မှာကိုသာ နှမြောပါလေ။ တစ်နေ့တစ်လံ သွားရခြင်းသည် အနည်းငယ်မျှ မပင်ပန်းပေ။ နောင်နှစ်ကာလ အတော်ကြာသောအခါ မပင်ပန်းဘဲနှင့် ခရီးပေါက်ရောက်ပြီးဖြစ်၍နေလိမ့်မည်။ တစ်နေ့လျှင် တစ်လံမျှ မသွားသူမှာ သွားသူထက်ပို၍ မသက်သာပေ။

နောက်ဆုံး၌ ခရီးမရောက်ခြင်းသာ ခြားနားလေသည်။ တစ်နေ့လျှင် အင်္ဂလိပ်စကားတစ်လုံး မှတ်ရခြင်းသည် မမှတ်သူထက်ပို၍ မပင်ပန်းပေ။ သုံးနှစ်ကြာသောအခါ အများကြီးရလိမ့်မည်။ တစ်နေ့တစ်လုံးမျှ မမှတ်သူမှာ မှတ်သူထက်ပို၍ သက်သာခြင်း မရှိပေ။ သုံးနှစ်ကြာသောအခါ တစ်စုံတစ်ရာမျှ မရခြင်းသာ ခြားနားလေသည်။ သုံးနှစ်မက ငါးနှစ် ဆယ်နှစ်သည် မကြာမီကုန်လွန်တတ်၏။ ကုန်သောအခါကျမှ ပြန်၍ နှမြောချေက ရတော့မည်မဟုတ်ပေ။ သုံးနှစ်ကြာမှ တတ်မှာ ဘာလုပ်မလဲဟု တွေးတတ်ကြ၏။ သုံးနှစ်ကြာပြီးနောက် မတတ်ဘဲနေခြင်းထက် မမြတ်ပါလော။ ဘယ်အခါမှတတ်တတ် တစ်နေ့တစ်လုံး မှတ်ရခြင်းကြောင့် ပင်ပန်းပါသလော။ မပင်ပန်းလျှင် အဘယ်အတွက် ညည်းညူရန်ရှိပါသနည်း။ အိုကာမှ ငွေတစ်ရာဟူသော စကားလည်း ထို့အတူ ဖြစ်လေသည်။ ပင်ပန်းစွာ ခြိုးခြံခြင်းမပြုရဘဲ လျက် အိုသောအခါ မတော်တဆ အရေးတကြီးလိုသဖြင့် ငွေ ၁၀၀ိ တစ်ရာအားကိုးဖို့ ရှိချေက မရှိသူထက် မကောင်းပါလော။

○ ○ ○

# နည်းပြအခန်း (၆)

## ကြီးပွားသောစိတ်နှင့် သာမန်စိတ်

ကြီးပွားသူဖြစ်လာမည့်သူ၏ စိတ်နေသဘောထားနှင့် လူသာမန်၏ စိတ်သဘောထားပုံမှာ ပထမအရွယ်၊ ဒုတိယအရွယ်၌ သိသိသာသာ ခြားနားလေသည်။

ကြီးပွားလိုသောသူမှာ ကြီးပွားဖို့ စိတ်သာရှိသည် မဟုတ်၊ ကြီးပွားလိမ့်မည်ဟု ဒိဋ္ဌယုံကြည်တတ်လေသည်။ ထိုလူမျိုးသည် ကြီးပွားခြင်း၏ နည်းလမ်းများကို ပိုင်နိုင်စွာ သိရှိကြလေသည်။

အသိမရှိက ယုံကြည်နိုင်မည် မဟုတ်ပေ။

၎င်းတို့စိတ်သည် နဂိုကပင် လူသာမန်တို့နှင့် အထူးကွဲပြားခြားနားလျက် မိမိတို့ကိုယ်တိုင်၏သတ္တိအစွမ်းကို သိကြသဖြင့် လူသာမန်တို့၏ ပြုမူပုံများ၌ သေးသိမ်ခြင်း၊ မှားယွင်းခြင်းများကို အလိုလို သိမြင်ကြလေသည်။

ဘုရားဖြစ်မည့် ပုဂ္ဂိုလ်သည် အလိုအလျောက် တရား

တော်ကို သိမြင်သလို ကြီးပွားမည့်သူသည် အလိုအလျောက် ကြီးပွားမည့်လမ်းကို အလိုအလျောက် သိအောင်ရှာ၍ တစ်စုံတစ်ရာကို ထိထိရောက်ရောက် လုပ်တတ်လေသည်။

ငင်းတို့သည် ပထမအရွယ်၊ ဒုတိယအရွယ်မှာပင် အစွမ်းသတ္တိ တစ်ခုခုကို ပြတတ်ကြလေသည်။ မကြီးပွားလျှင် မနေဟူသော စိတ်သည် ၎င်းတို့မှာ အမြဲရှိ၏။ သာမန်လူများထက် စိတ်နေသဘောထား အထက်ကျမြဲ ဖြစ်လေသည်။

၎င်းတို့မှာ ရောင့်ရဲတင်းတိမ်ခြင်းမရှိ၊ အထက်ကို အမြဲ မှန်း၍နေ၏။ ကြီးပွားသူတို့ကို အမြဲ အားကြလျက် ကြီးပွားသူတို့၏ အစုအဝေး၌ ပါဝင်ဖို့ရန် အမြဲ ကြံသည်တတ်ကြလေသည်။ ပေါ့ပေါ့ဆဆ မနေတတ်ကြပေ။

၎င်းတို့မှာ အဘယ်မျှလောက် ဆင်းရဲအောက်ကျစေကာမူ စိတ်သည်ကား အောက်မကျ၊ ကြွယ်ဝလျက်သာ ရှိ၏။

၎င်းတို့၏စိတ်မှာ အပျက်မရှိ၊ အဖြစ်သာရှိလျက်. ဖြစ်လိမ့်မည်။ အောင်မြင်လိမ့်မည်ဟူသော အစွဲတစ်ခု အမြဲရှိလေသည်။

ထိုလူမျိုးသည် လူသာမန်၏ လှောင်ပြောင်ခြင်းကို ခံရတတ်လေသည်။ ၎င်းတို့သည် လောက၌ လူလုပ်ရခြင်း၏ အရေးကြီးကြောင်းကို ကောင်းစွာ သိမြင်ကြသဖြင့် ပေါ့လွှင့်မှုကို မပြုတတ်ကြ။ အသွင်အားဖြင့် ငယ်စဉ်အခါ၌ သွက်လက်

ထက်မြက်ပုံ မရှိတတ်ကြ။ ငယ်ရွယ်စဉ်အခါ၌ ချက်ချက်ချာချာ မရှိတတ်ကြပေ။ အခါများစွာ ၎င်းတို့သည် လိပ်အို တောင်တက်သဖွယ် ပြုမူလုပ်ကိုင်နေတတ်ကြ၏။ သာမန် လူများစွာတို့မှာ ပျံလွှားပမာ ပေါ့ပါးလျင်မြန်ဟန် ရှိတတ်ကြလေသည်။

လူသာမန်အများတို့၏စိတ်၌ အရေးကြီးသည်ဟု စွဲမှတ်သောအရာများသည် ၎င်းတို့၏စိတ်၌ အရေးမကြီးတတ်ကြပေ။

လူအများယောင်တိုင်း မယောင်၊ သွေးဆောင်တိုင်း မလိုက်မပါ၊ ဝတ်အသင်း ကြေးစည်ကို ဖမ်းဖို့ခေါ် တိုင်း မလိုက်တတ်ကြပေ။

ထိုလူမျိုးသည် အရာရာ၌ လူစုလူဝေးထဲတွင် အဝင်အပါ နည်းပါး၍ လွတ်ရာချောင်တစ်ခုခုမှ လူဝိုလူဝေးများ လှုပ်လှုပ်ရှားရှား ပြုမူကျင့်ကြံကြပုံ၊ အရေးကြီးကြပုံကို ကြည့်ကာ စဉ်းစား၍နေတတ်ကြလေသည်။

အလုပ်တစ်ခုခုကို လုပ်ရာ၌ အများနှင့်မတူ ၎င်းတို့၏ လက်ရာသည် ကွဲပြား ခြားနားတတ်လေသည်။ လောက၌ ကြီးပွားသူမှန်က ကူလီဖြစ်စေ၊ ဒွန်းစဏ္ဍားဖြစ်စေ၊ အသိအလိမ္မာ အမြော်အမြင် ဆင်ခြင်တတ်သော ဉာဏ်နှင့် အရာရာမှာ ပြည့်စုံခြင်း ဖြစ်ကြလေသည်။

○ ○ ○

## နည်းပြအခန်း (၇)

### ပျက်အစဉ် ပြင်ခဏ

ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ မိဘ အမွေအနှစ်ကြောင့် သော်လည်းကောင်း၊ တစ်ချက်ကောင်း အကောင်ရိုက်၍သော် လည်းကောင်း၊ ချမ်းသာသူများ၌ ဆင်းရဲရာမှ လုံ့လ၊ ဝီရိယ အစွမ်းသတ္တိကြောင့် ချမ်းသာသူ နည်းပါးကြလေသည်။ ထိုကဲ့သို့ ချမ်းသာပြန်လျှင်လည်း ကြီးကြီးကျယ်ကျယ် ပြောပလောက် အောင် မရှိကြပေ။ သာလွန်၍ ရှားပါးသည်မှာ ပြန်၍ ပျက်စီး သည့်အခါ အသစ်ထပ်မံ ရှေးကလို ကြီးမြင့်အောင် ကြိုးစားနိုင် သူများကြလေသည်။

အများအားဖြင့် တစ်ခါပျက်စီးလျှင် ပြန်၍ တစ်ဖန်သူ ထောင်ရန် မဆိုထားဘိ၊ သင့်လျော်ရုံမျှ အခြေအနေကိုပင် ပြန်

မရနိုင်ဘဲ တစ်ခါတည်း အောက်နိမ့်ရာသို့သော်လည်းကောင်း၊ စိတ်၏ ကျန်းမာခြင်းရော၊ ကိုယ်၏ကျန်းမာခြင်းပါ လုံးလုံး ပျက်စီးခြင်းသို့သော်လည်းကောင်း ရောက်ကြသည်သာ များလေသည်။

'ပေါ်ဝယ်'ခေါ် သူဌေးသားတစ်ယောက်သည် မိဘအမွေအနှစ်ဖြစ်သော စည်းစိမ်ဥစ္စာ မြောက်မြားစွာတို့ ကုန်စင်အောင် သုံးစွဲပြီး လူမွဲအဖြစ်သို့ ရောက်သောအခါ ခေါ်သူ ပြောသူ မရှိသဖြင့် စိတ်နာပြီးလျှင် မြို့ပြင်ရှိ တောင်ကုန်းတစ်ခု၌ ထိုင်ကာ မိမိ အရင်က ပိုင်ခဲ့ဖူးသော ခမ်းနားကြီးကျယ်သော အဆောက်အဦကြီးများကိုမြင်ကာ ဝမ်းနည်းပြီး-

"ငါ့ပစ္စည်းတွေကို ငါ အကုန်ပြန်ရအောင် လုပ်မည်"

ဟု စိတ်မာန်ကိုတင်းပြီး မြို့တွင်းသို့ ပြန်ဝင်ပြီးနောက် တွေ့ရာအလုပ်ကို လုပ်လေ၏။

သာမန်လူတို့မှာ ထိုကဲ့သို့သော အခြေအနေသို့ရောက်လျှင် အသက်ကိုသော်လည်းကောင်း သတ်၍သေတတ်၏၊ လုံးလုံး စိတ်ပျက်ကာ နိမ့်ကျသည်ထက် နိမ့်စွာသော်လည်းကောင်း၊ သက်လျှောစုံဆင်းဖို့သာ ရှိလေသည်။ ၎င်းကဲ့သို့သော သူဌေးဖြစ်ရာမှ မွဲပြီး မိမိ ပိုင်ခဲ့ဖူးသော အဆောက်အဦများ ထိန်ဝင်းတောက်ပ၍ နေသည်ကို မှောင်ထဲမှနေ၍ ရှုမျှော်ကာ ကူလီဆင်းရဲသားအလုပ်ကို လုပ်ရလျှင် စိတ်ပျက်အားငယ်ခြင်း

သဖြင့် အလုပ်ကို လုပ်နိုင်ရန် စိတ်အားရှိတော့မည် မဟုတ်ပေ။ ၎င်းလူမှာ ထိုကဲ့သို့မဟုတ်၊ ငါ မိုက်လို့ ဆုံးခဲ့ရသည်၊ ငါ ပူ၍နေသည့်အတွက် တစ်စုံတစ်ရာမျှ ပြန်ရမည်မဟုတ်၊ ငါလုပ်မှ ငါ့ပစ္စည်းများကို ပြန်၍ရမည်ဟူသော စိတ်ကိုတင်းကာ ကြိုးစား၍သာ လုပ်လေရာ ကူလီအလုပ်ဖြင့် ငွေစကြေးစ အနည်းငယ်ပြန်၍ရပြီးနောက် အရောင်းအဝယ် အလုပ်များကို အသေးအဖွဲမှစ၍ လုပ်ရာ တစ်ဖန် တစ်စတစ်စ ပြန်၍ ကြီးပွားပြီး မိမိ၏ပစ္စည်းဟောင်းများကို မကြာမီ မသေမီ ပြန်၍ ရခဲ့လေသည်။

ဤကဲ့သို့သော လူများမှာ ဥရောပ၊ အမေရိကတိုက်များ၌ ယခုပင် ရှိသေး၏။ မြန်မာပြည်၌ကား မရှိသေးပေ။ ဤကဲ့သို့ပျက်စီးလျှင် ကံအကြောင်းတရားပဲ၊ ဤမျှလောက် ကြီးမားတဲ့ပစ္စည်း အစုအပုံကြီးတစ်ခုလုံးတောင်မှ ပျက်စီးခဲ့ရာမှဖြင့် ဒီဘဝမှ ဆင်းရဲဇာတာပါလို့မဲ၊ ပြန်၍လုပ်ပေမဲ့ ရမှာမဟုတ်ဘူးဟု အောက်မေ့ကာ စိတ်ကို လုံးလုံးကြီး လျှော့တတ်ကြလေသည်။

ငွေကြေးဥစ္စာသည် လွန်စွာ တန်ခိုးကြီး၏။ သို့ပင် တန်ခိုးကြီးသော်လည်း လူလုပ်လျှင် ရနိုင်ကြောင်း ဒိဋ္ဌလမ်းကြောင်းတွေ အထင်အရှား ရှိပါလျက် ကံထူးသူများမှသာ ရနိုင်လေသည်ဟု စွဲမှတ်ကာ စိတ်လျှော့ကြလေသည်။

စိတ်ကို အမှန် မလျှော့လျှင် အမှန်ပြန်၍ ရနိုင်လေသည်။ ပျားများမှာ လူများက ဖွပ်သော်လည်း ကံကိုမတွေး၊

မဖြစ်နိုင်ဟူသော စကားကို မသိ၊ လုပ်လျှင် ပြန်၍ဖြစ်သည်ဟူသော အစွဲတစ်ခုတည်းကိုထားပြီး ပျက်စီးသော အုံကို ပြန်၍ဖြစ်အောင် လုပ်ကြသဖြင့် ပြန်၍ ရကြလေသည်။

လုပ်ကိုင်ကြစည်၍ မဖြစ်ကြသည်မှာ အများအားဖြင့် စိတ်လျှော့ခြင်းကြောင့်လည်းကောင်း၊ ကြီးမားများမြောင်သော ပစ္စည်းဥစ္စာတို့ကို တစ်ချက်တည်း လျှင်မြန်စွာ မရဘဲနေကြရလေသည်။ တဖြည်းဖြည်း ပြန်၍ ထူထောင်လုပ်ကိုင်လျှင် မရနိုင်ဖို့နည်းလမ်း မရှိ။ ရမှာပဲဟူသော တစ်သန်တည်း စိတ်နှင့်လုပ်ကြချေက ကေန် ရကြမည်ကား ဧမ္ဘတာဖြစ်လေရာ လူမသေငွေမရှားဟူသော စကားအရ လူမသေဖို့သာ လိုလေရာ မသေမူ၍ ရှင်လျက်ရှိနေသမျှ ကာလပတ်လုံး မှန်မှန်ကြီးရလျက် တိုးလျက်သာ ရှိစေနိုင်သော ကျိန်းသေ အရောင်းအဝယ် အလုပ်တွေ များစွာ ရှိကြလေသည်။

ကြီးပွားလိုသူကိုစိတ်၌ ပစ္စည်းထောင်ပုံ၊ သောင်းပုံ၊ သိန်းပုံ၊ သန်းပုံတွေတွေး၍ လေထဲမှာ တိုက်အိမ်မဆောက်ကောင်းပေ။ ထိုတိုက်အိမ်များမှာ ကြီးကျယ်လွန်းသဖြင့် ဖြစ်မှာ မဟုတ်ပါဘူးဟူသော ကြောက်စိတ်ကို ပေါ်ပေါက်စေတတ်လေသည်။ ထိုကဲ့သို့ အကြီးအကျယ်တွေကို မကြံမူ၍ တစ်နေ့ထက်တစ်နေ့ တစ်ပဲက နှစ်ပဲ၊ နက်ဖြန် လေးပဲဖြစ်မှာပဲ၊ လေးပဲရလျှင် ငါးမူးဖြစ်ဖို့ မခဲယဉ်းဘူးဟူသော အနုစိပ် အသေးစိတ်ကို တွေးကာ

လက်ရှိအမြင်ကို တိုးပွားအောင်လုပ်လျှင် မသေမပျောက်က တိုးပွားရမည် ဖြစ်လေသည်။ မရှိသော တိုက်အိမ်ကြီးကို လေထဲ၌ ဆောက်၍နေချေက အဘယ်မှာ အုတ်မြစ်ကို အဘယ်ပုံချရမည် မသိသဖြင့် တစ်ကြောင်း ကြီးလွန်းသဖြင့် အားလျှော့၍ လည်းကောင်း၊ စိတ်ထဲမှာသာ ဆောက်ဖြစ်လျက် လက်က မရောက်။ အထည်ကိုယ်မပေါ် အိပ်မက်ကဲ့သို့သာ ဖြစ်၍နေဖို့ ရှိပေသည်။ ထို့ဖြစ်လေရာ စိတ်မပျက်သမျှ အဘယ်အခါမျှ လုံးလုံးကြီး မပျက်တတ်ပေ။ တိုးရမည်ဟူသော အမြဲ ပုံသေ - ယုံကြည်အပ်ကြပေသတည်း။

○ ○ ○

## နည်းပြအခန်း (၈)

### တစ်ရွာမပြောင်း သူကောင်းမဖြစ်

တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသော စကားအရ လူတို့၏စိတ်မှာ အသစ်ကို နှစ်သက်တတ်သော သဘာဝတစ်ခု ရှိသဖြင့် အလုပ်အကိုင် အကြံအစည်များကို ကြံရာ၌ အဝေးကို လှမ်းတတ်လေသည်။

မိမိ လုပ်သော လက်ရှိအလုပ်၊ မိမိနေသော နေရာထက် အခြားအလုပ် အခြားအရပ်က ပိုမို၍ ကောင်းလိမ့်မည်ဟု ထင်မှတ်တတ်ခြင်းသည် လူ၏သဘာဝ ဖြစ်လေသည်။ သို့ဖြစ်သော ကြောင့် **'တစ်ရွာမပြောင်း လူကောင်းမဖြစ်'** ဟူသော စကားကို အားကိုးပြုကာ အဝေးကို ကြံတတ်လေသည်။

အခြားအရပ်တစ်ခုမှာ ကြီးပွားရန် နည်းကောင်းလမ်း

ကောင်းများရှိသည်ဟု ကြားရသည့်အခါ ထိုအရပ်၌ နေသူတွေ ကြီးပွားကြရဲ့လား၊ ယခု ငါနေသော အရပ်၌ ကြီးပွားရန် နည်းလမ်းဟူ၍ တစ်စုံတစ်ရာမျှ မရှိဘူးလားဟူသည်ကို ရှာကြံ စုံစမ်း အပ်ကြလေသည်။

ရှာကြံနည်းမှာ အခြားသူတွေ အဘယ်အလုပ်ကို လုပ်ကြသနည်း၊ ထိုအလုပ်မှာ အဘယ် အခြေအနေ ရှိပါသနည်း၊ တိုးတက်ချဲ့ထွင်ရန် နည်းလမ်းများ အဘယ်ပုံ ရှိသလဲ၊ အဘယ်ဘက်မှာ ဟာသလဲ၊ အများအမြင် မသိလို့ မလုပ်ကိုင်အဲနေသော အလုပ်အကိုင်များ ရှိသလားဟူသော အချက်များကို စေ့စေ့စပ်စပ် မှတ်သားရှာကြံကြလျှင် မည်သည့်နေရာ၌ ချဲ့ထွင် လုပ်ကိုင်ရန် နည်းလမ်း လုံးလုံးမရှိသော အရပ်ဟူ၍ မရှိနိုင်ပေ။

ဟသ်ာတနယ် တောရွာတစ်ရွာ၌ အင်္ဂလိပ်ကျောင်းထွက် မြို့သားတစ်ယောက် ရောက်ပြီး သောင်တင်၍နေလေ၏။ မိန်းမနှင့်ပတ်သက်၍ ထိုအရပ်မှ မခွာနိုင်၊ ၎င်းအရပ်၌ မိမိအတွက် လုပ်စရာ ကိုင်စရာဟူ၍ အဘယ်မှာမျှ စိတ်ကူး၍မရ။ ရွာပြင်ထွက်လိုက်လျှင် ကျွဲစားကျက်၊ နွားစားကျက်တောနှင့် လယ်ပြင်များသာ ရှိလေ၏။ လက်ထဲမှာလည်း ငွေကြေး ပိုက်ဆံ တစ်ပြားတစ်ချပ်မျှ မရှိပေ။ တစ်နေ့သ၌ ကျွဲစားကျက်တောထဲသို့ အဖော်တစ်ယောက်နှင့် လျှောက်၍သွားရာ မြေကြီး၌ ကပ်၍ ပေါက်သော လက်ညှိုးလုံးသာသာခန့်ရှိသည့် နွယ်တစ်ခုကို ခြေ

နှင့်တိုက်မိပြီး ချော်၍လဲလေ၏။ထိုအခါ ငှင်းနွယ်ကို ဓားနှင့် ခုတ်ဖြတ်လိုက်ရာ အဖော်ဖြစ်သူက၊ နွယ်စ တစ်ထွာခန့်ကို ကောက်ယူ၍ အကြောကိုနွာပြီး ကိုက်စားလေ၏။ အဘယ်လို နွယ်မျိုးလဲဟုမေးသောအခါ နွယ်ချိုဟု ပြောသဖြင့် ငှင်းနွယ်ကို အကုန်ရအောင် ယူခဲ့ပြီး အိမ်သို့ရောက်သောအခါ ဆေးကြော ၍ ကောင်းစွာ ထားလေ၏။ ထို့နောက် ငှင်းနွယ်ချိုများ တောထဲ ၌ များစွာ ရနိုင်ကြောင်း သိရသဖြင့် နောက်တစ်နေ့ တောထဲ၌ လည်၍ရှာလေ၏။

သို့ရှာရာ နွယ်ချိုမဟုတ်၊ အခြား လတ်ဆတ်သော ဆေး မြစ်များ၊ သနပ်ခါးပင်များကို တွေ့ရသဖြင့် ငှင်းတို့ကို ရနိုင်သမျှ ယူကာ မြို့သို့ တင်ပို့ရောင်းချရာ လတ်ဆတ်သော ဆေးပင်ဆေး မြစ်များဖြစ်သဖြင့် ဆေးကောင်း ဝါးကောင်းများ စုဆောင်းလေ့ရှိ သော လူဂုဏ်တန်များက အမြဲ ဝယ်ကြသဖြင့် တစ်လလုံး တစ် အိမ်သားလုံး စားသုံး၍ ၁၅ မှု မကုန်သော တောအရပ်၌ ငှင်းမှာ တစ်လလျှင် ၅၀ိ၊ ၆၀ိ ရ၍ နေခဲ့ဖူးလေသည်။

○ ○ ○

## နည်းပြအခန်း (၉)

## အလုပ်ကို မထိခိုက်ပါစေနှင့်

သူဌေးကြီးတစ်ယောက် ညစာစား၍နေ၏။ ထိုအခိုက် တုန်ကင်းသမားတစ်ယောက် ပြေး၍ဝင်လာပြီး သူဌေးမင်း တုန်းကင်း နှစ်စင်း စပါးအပြည့်နဲ့ တွံတေးချောင်းမှာ သင်္ဘောနဲ့တိုက်မိလို့ မြုပ်သွားပါတယ်ဟု ပြောလေ၏။

ထိုသတင်းကို ကြားရသည့်အခါ သူဌေးသည် ညစာကို ဆက်၍ စားနိုင်ပါဦးမည်လား။

သူဌေးစစ် သူဌေးစိတ်မှာက ထမင်းကို ဝအောင် အေးအေးဆေးဆေး ဆက်၍ စားနိုင်ရာ၏။ ဆက်လက် မစားနိုင်၊ ထမင်းကို မျို၍မကျ၊ ပြာလောင်ခတ်ကာ၊ တောင်ကိုဆူ၊ မြောက်ကိုကြိမ်း၊ တုန်ကင်းအထိမ်းကို ဆဲလဲဆဲ ဖြစ်၍နေချေက ထိုလူသည် သူဌေးမဟုတ်၊ ကြာမြင့်စွာ သူဌေးမဖြစ်နိုင်၊ လျင်မြန်စွာ ပျက်စီးရမည်သာတည်း။

စီးပွားသော်လည်းကောင်း ပျက်စီးရာ၏။ လူကိုယ်တိုင်သော်လည်းကောင်း သေကြေ ပျက်စီးဖို့ ရှိလေသည်။

အလုပ်ကြီးကို လုပ်သောသူများသည် အလုပ်ကို တွင်ကျယ်အောင်၊ အကြံဉာဏ်ကို ထုတ်ကာ လုပ်ကိုင်ဖို့သာ ရှိ၏။ လောက မမှတာအတိုင်း မတွေ့ဘဲ မနေနိုင်သော ပျက်စီးခြင်း အနှောင့်အယှက် ဖြစ်ခြင်းများကို ဂရုမစိုက်ရပေ။ တိုး၍ရဖို့ ဖြစ်ပျက်ခြင်း၏အကြောင်းရင်းများကို စုံစမ်းစစ်ဆေးကာ လုပ်ကိုင်သွားဖို့သာ ရှိလေသည်။

အကြီးအကျယ် လုပ်ကိုင်သူတို့မှာ ထိုအပျက်အဆီးမျိုးသည် မတွေ့ဘဲ မနေနိုင်သော မမှတာ ဖြစ်လေသည်။ သေးသေးငယ်ငယ် အလုပ်ကို လုပ်သူများမှာလည်း သေးသေးငယ်ငယ် ပျက်စီးဆုံးပါးခြင်းကလေးများနှင့် မကင်းနိုင်ပေ။ သို့ဖြစ်လေရာ စိတ်ကြောင့် အလုပ်ကို မထိခိုက်ရန်သာ လိုလေသည်။

လူမှန်သမျှမှာ အပျက်အစီးနှင့် တွေ့ရမြဖြစ်လေသည်။ ပျက်စီးခြင်းတစ်ခုခုနှင့် တွေ့သည့်အခါ နှမြော၍ဖြစ်စေ၊ကြောက်၍ဖြစ်စေ၊ အလုပ်ကိုသော်လည်းကောင်း၊ ကျန်းမာခြင်းကိုသော်လည်းကောင်း မထိခိုက်စေရအောင် ဖြေတတ်ရလေသည်။

အချို့မှာ တစ်စုံတစ်ရာဖြစ်လျှင် ကံဇာတာ ညှိုးလာပြီး အကျိုးပေးချိန် ကုန်ပြီ၊ ပျက်ချိန်ရောက်လာပြီဟု တွေးခေါ်ပူပင်ကြောက်ရွံ့ခြင်းများ ဖြစ်သည့်အခါ မသာယာသော စိတ်ကြောင့် မသာယာသော အိပ်မက်များကို မြင်မက်ရ၏။ ဗေဒင်ဆရာကို မေးလျှင် ဇာတန် တစ်ခုခုဖြစ်လို့ မေးတာပဲဟု ရိပ်မိသော ဗေဒင်

ဆရာသည် အပျက်အစီး တွေ့တတ်ကြောင်း၊ ပစ္စည်းဆုံးပါးဖို့ မြင်ကြောင်း၊ ခြေနှစ်ချောင်း ခြေလေးချောင်းသော်လည်းကောင်း ငွေသော်လည်းကောင်း ထွက်ဖို့မြင်ကြောင်း၊ သုံးတောင်ဝတ် မိန်းမ အထက်လူကြီးများကြောင့် စိတ်မချမ်းသာဖြစ်ဖို့ မြင် ကြောင်းများကို လျှောက်၍ ဟောတတ်လေသည်။ ထိုဟော နည်းမျိုးမှာ တစ်ခုမမှန်လျှင် တစ်ခု မှန်မြဲဖြစ်လေသည်။ အကြောင်းမူကား အပျက်များသော လောက စိတ်ညစ်စရာတွေ များစွာတွေ့ရသော လောကကြီးမှာ ထိုအဖြစ်မျိုးတွေ မကင်း နိုင်ပေ။ သို့ ဗေဒင်က ဟောသောအခါ အလွန် ထိတ်လန့်ပြီး မကြံရဲ၊ မသွားရဲ၊ မလာရဲဖြစ်ကာ ပိုမို၍ ပျက်စီးဆုတ်ယုတ်တတ် သည့်အပြင် ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တတ်လေသည်။

ဥရောပ၊ အမေရိကတိုက် အလုပ်ကြီးများမှာ ဒါရိုက် တာလူကြီးတွေ အဘယ်မျှလောက် ဇာတာညှိုး၍ သေကြကြ စေကာမူ အလုပ်ကို မထိ၊ အလုပ်ကြီးများမှာ နှစ်ပေါင်း ၅၀၊ ၁၀၀၊ ၂၀၀ တည်ခဲ့ကြလျက် တိုးတက်ကြီးကျယ်၍သာ နေကြ သည်များကို တွေ့ရနိုင်လေသည်။

အိပ်မက်သော်လည်းကောင်း၊ နိမိတ် တစ်စုံတစ်ရာ ကြောင့်သော်လည်းကောင်း၊ ထိတ်လန့်စိုးရိမ်ကာ အလုပ်ကို မထိ စေရအောင် သတိထား ဆင်ခြင်အပ်ကြပေသတည်း။

❂ ❂ ❂

# နည်းပြအခန်း (၁၀)

## ကမ္ဘာကျော်ဖြစ်အောင်လုပ်နည်း

မည်သူမဆို ဆိုင်ရာ ဆိုင်ရာ၌ အများထက် ထူးချွန်အောင် လုပ်နိုင်သော သတ္တိထူး ရှိလေသည်။

ယခုခေတ်သမယသည် မိမိတို့ကိုယ်ကို တစ်ဖက်ဖက်၌ ချွန်အောင်လုပ်ဖို့ရန် လမ်းအခွင့်တွေ လွန်စွာများသောခေတ်ဖြစ်လေသည်။ အကြောင်းမူကား လောကီပညာများမှာ လွန်စွာ တိုးတက်သဖြင့် အမျိုးမျိုး နှံ့စပ်အောင် မည်သူမဆို မတတ်နိုင်သော ကြောင့်၊ တစ်ဖက်ဖက် တစ်ခုကောင်း အလုပ်များကို လေ့လာလိုက်စားကြရသည်။ ဆေးအတတ်မှာပင် တစ်မျိုးစီ ကျော်ကြားအောင် တစ်ဖက်သတ် လိုက်ကြရ၏။ အင်ဂျင်နီယာ လောကဓာတ် ပညာများမှာလည်း ထို့အတူ ဖြစ်လေသည်။

သို့ဖြစ်လေရာ ထိုကဲ့သို့ တစ်ဖက်သတ် လိုက်ဖို့ရန် လမ်း

တွေမှာ တားဆီးပိတ်ဆို့ခြင်းမရှိ မည်သူမဆို ထူးချွန်လိုက ထူးချွန်အောင် လမ်းတွေကို ဖွင့်ထားလေရာ၊ ထိုလမ်းများမှာလည်း လွန်စွာ များပြားလေသည်။

ကောလိပ်ကျောင်းမှထွက်ပြီးနောက် ပရိယေသန အလုပ်ကို အဘယ်ဘက်မှာလုပ်၍ နေကြစေကာမူ နောက် အဘယ်မျှကြာလျှင် အဘယ်အတတ်ပညာ၌ မြန်မာပြည်၏ ဂုဏ်ကျက်သရေဖြစ်အောင်၊ ကမ္ဘာကျော်ဖြစ်အောင် ကြိုးစားမည်ဟူသော စိတ်ကို တစ်ဖတ်သတ်ထား၍ လိုက်စားချေက ကမ္ဘာကျော်ဖြစ်နိုင်ဖို့ လမ်းတွေကို လိုသလောက် ရနိုင်လေသည်။

အတတ်ပညာဟူသမျှကို စာအုပ်များ၌ လျှို့ဝှက်ခြင်းမရှိဘဲ ရနိုင်လေသည်။ ကောလိပ်ပညာသည် စင်စစ်အားဖြင့် ပညာဟု မဆိုလောက်သေးပေ။ အကြောင်းမူကား အဘယ်ပညာကိုမျှ ထိထိမိမိ မရနိုင်ပေ။ ထိုပညာမှာ မိမိ၏ ဝါသနာနှင့် နီးစပ်သော အတတ်ပညာတစ်ခုကို ထွန်းထွန်းပေါက်ပေါက် ထိထိရောက်ရောက် လိုက်နိုင်ဖို့ရန် လှေကား အတောင်ပံ လက်နက်သဖွယ်၊ သော့သဖွယ်၊ ပါတ်စ်ပို့စ်လက်မှတ်သဖွယ် သာ ဖြစ်လေသည်။ ကောလိပ်ပညာကို တတ်ပြီးသောသူတို့မှာ ဆရာမလို၊ အဘယ်ပညာမဆို မိမိဘာသာ ပေါက်ရောက်အောင် လိုက်စားနိုင်လေသည်။

အိန္ဒိယတိုင်း၌ ထိုကဲ့သို့ လိုက်စားသဖြင့် ကမ္ဘာကျော် ဖြစ်၍နေသူတွေ ရှိကြလေသည်။ မြန်မာလူမျိုးမှာကား အပေါ် ယံ ရေပေါ်ငါးပမာ ဘွဲ့လက်မှတ်ကလေးများနှင့်သာ တင်းတိမ်၍ နေကြလေသည်။ အကယ်၍ မြန်မာလူမျိုးများအနက် ဂြိုဟ်နက္ခတ်တစ်လုံးကို တွေ့အောင်ရှာ၍ပေးနိုင်သော နက္ခတ်ဆရာကြီးတစ်ဦး ထွက်ပေါ်၍ပေးချေက မြန်မာလူမျိုးဆိုတာ သိမ်သိမ်ငယ်ငယ် မဟုတ်ပါကလားဟု တစ်ကမ္ဘာလုံး သိဖို့ရှိလေသည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ယောက်တလေမှ မထွက်မပေါ်သေးသမျှ တစ်မျိုးလုံး နစ်မြုပ်နေဖို့သာ ရှိလေသည်။

မြန်မာလူမျိုးများအနက် သဘာဝဓာတ်ရင်း ဓာတ်မ-တစ်ခုခုကို တွေ့အောင်ရှာနိုင်သော လောကဓာတ်ဆရာကြီး တစ်ယောက်ပေါ်လျှင် တစ်မျိုးလုံး ကမ္ဘာကျော်နိုင်လေသည်။

နက္ခ ၂၇ လုံး၊ ဂြိုဟ်ကြီး ၈ လုံး သိရုံနှင့် ကြီးကျယ်လျက် ပညာ့တတ်လုပ်၍နေကြသူတွေသာ ရှိကြလေသည်။ မြန်မာဆေးအတတ်ကိုပင် ဟိန္ဒူဆေးအတတ်များလို တစ်ကမ္ဘာလုံး သုံးနိုင်အောင် ထွင်နိုင်သော မြန်မာ ဒေါက်တာတစ်ယောက်မျှ မပေါ်သေးသည်မှာ ပညာသင်ခြင်းသည် ငွေကြေးရဖို့ဖြစ်သည်ဟူသော လွန်စွာ သေးငယ်သော ရည်ရွယ်ချက်မှတစ်ပါး အခြားထူးမြတ်သော ရည်ရွယ်ချက်ကို ထားမရှိကြကြောင်း သိသာလေသည်။

သို့ဖြစ်လေရာ မိမိတို့လိုလားသော လွတ်မြောက်ခြင်းနှင့် ထိုက်တန်ကြောင်း သက်သေပြဖို့ရန် ကောလိပ်ကျောင်းသားဟူသမျှ၏ ရည်ရွယ်ချက်သည် အမ်(မ)အေ၊ အိုင်-စီအက်စ်ထက် ပိုမို၍ မြင့်ဖို့လိုလေသည်။ အပ်(မ)အေ၊ အိုင်-စီအက်မှာ စရိတ်ကုန်၏။ အပြိုင်များ၏၊ ဂုဏ်ကျက်သရေဆောင် ကမ္ဘာကျော်ဖြစ်ဖို့ရန်မှာ ထိုမျှလောက် မကြီးကျယ်၊ ဝီရိယနှင့် စိတ်အားသတ္တိစွဲမြဲခြင်းသာ လိုပေသတည်း။

○ ○ ○

# နည်းပြအခန်း (၁၁)

## အရင်မလိုပါနှင့်

အများအားဖြင့် လူတို့သည် ယနေ့ နက်ဖြန် ချက်ခြင်းကြီးပွားချင်သောစိတ်သည် နောင် ၃ နှစ်၊ ၅ နှစ်၊ ၁၀ နှစ်ကြာမှ ကြီးပွားဖို့စိတ်ထက် ပိုမိုထက်သန်ကြလေသည်။

ယခုခေတ်သည် မြန်သောခေတ် ဖြစ်သည်ဟုပြောကာ အမြန်ကို ကြ[illegible]က်ကြလေသည်။

၎င်းတို့၏စိတ်မှာ အိုကာမှ ငွေ ၁၀ဝိကို မမြင်၊ ယခုငွေ ၁၀ဝိကို မြင်၍နေကြလေရာ ငွေ ၁၀ဝိ လည်းမရ၊ ငွေ ၁၀၀ သို့လည်းမရောက်၊ ခုလတ်မှာ လပ်၍နေကြလေသည်။

ထိုကဲ့သို့ အရင်မလိုဘဲ တစ်စုံတစ်ခုသော အရာကို ပေါက်ရောက်အောင် လုပ်မည်၊ နောင် ၅ နှစ်လောက်ကြာမှပဲ

၅ နှစ်အတွင်းမှာ ဆင်းရဲခံမယ်၊ ၅ နှစ်ဆိုတာရောက်လျှင် ကြာတာမဟုတ်ဘူး၊ ငါ အလကားနေရင်းတောင် ရောက်လာတာ ၁၀ နှစ်မကဘူး၊ ငါ မသေဘူး၊ အခု အသက် ၄၀ ကျော်နေသော်လည်း အရေးမကြီး၊ ငါးနှစ်ကြာမှ ၄၅ နှစ်ကလေးရယ်၊ ငါ အသက် ၈၀၊ ၉၀ နေမဲ့လူပဲဟူသောစိတ်များကို စွဲ၍ထားလျှင် လိုသော ရည်ရွယ်ချက်လည်း ပေါက်ရောက်၍ အသက်လည်း ရှည်နိုင်လေသည်။

ငါ လေးဆယ်ရှိပြီ၊ ခွေးမအိုကြီး လက်ပေးသင်နေလို့ ဘယ်တော့ အသုံးကျမှာလဲ၊ သချိုင်း ခြေတစ်ဖက်နင်းနေပြီဟု ပြောသူတို့မှာ အစိုးတစ်ရာမဖြစ်ရုံမျှမက မြန်မြန်ဆန်ဆန် သချိုင်းသို့ရောက်အောင် မိမိကိုယ်ကို မိမိ၏အထင်အမြင်စိတ်ဖြင့် ပြုစား၍နေသည်နှင့် တူလေသည်။

ယခု ချက်ချင်း ကြီးပွားလိုသူတို့မှာလည်း မိမိတို့ကိုယ်ကို လူ့ဘဝမှာ ကြာကြာနေရတာမဟုတ်၊ သုတ်သုတ်လုပ်၊ သုတ်သုတ် ဖြစ်၊ သုတ်သုတ် သေ၊ မရဏသန္ဓမင်းကြီး တံစဉ်ကြီးကိုင်ကာ အတင်း နောက်က လိုက်နေသလို ပြုလုပ်ကြံစီခြင်းဖြစ်လေရာ ၎င်းတို့၏စိတ်ထဲမှာ ဘဝတိုတယ်၊ ဘဝတိုတယ်၊ သက်တမ်းမရှိဟူသော အထင်အမြင်ကြီးသည် ပယောဂပမာ ဖမ်းစား၍ နေသည်နှင့် တူလေသည်။

ထိုစိတ်ကြောင့် တစ်စုံတစ်ရာမျှမဖြစ်၊ ဖြစ်လျှင်လည်း

မကောင်း၊ အသက်လည်း တိုတောင်းလျက် မတိုးမပွား အကျိုး
မများသော လူ့ဘဝကို စွန့်ကြရလေသည်။

ငင်းတို့မှာ လူ့ဘဝရခြင်းကြောင့် သတ္တဝါတို့၏ တရာ
လမ်း၌ အရေးကြီးသော အထုံပါရမီဖြစ်သည့် ဉာဏ်အထုံ
ဝီရိယအထုံ တေဘုမ္မကာ မလွတ်သေးသမျှ ရောက်ရာဘဝမှာ
ချွန်နိုင်ဖို့ အထုံတစ်ခုခု မရလျှင် အနှောင့်အယှက် တိုးတက်ခြင်း
မရှိနိုင်ပေ။

အိုမှ အုန်းပင်စိုက်သောသူများသည် မိမိတို့စားဖို့
မဟုတ်ပေ။ အိုမှ တုစ်စုံတစ်ရာကို ဖြစ်အောင်လုပ်သူ၊ တတ်
အောင် သင်သူမှာ သေကာနီးသဖြင့် ဤဘဝပင် အကျိုးကို
မခံစားရစေကာမူ ဖြစ်မြောက်အောင် လုပ်နိုင်သော သတ္တိအထုံ
ကြောင့် သတ္တဝါ၏အဖြစ်၌ အထက်တန်းကျအောင် ကူညီ
ထောက်ပံ့သော အထုံမှာ လူမှ မျက်လုံးကပ်၍ပါသလို ပင်ကိုယ်
ပါ၍သွားရမည်ကား မလွဲနိုင်ပေ။ ရွှေ ငွေ၊ ဥစ္စာမှာ သေသူ
နောက်သို့ မပါမလိုက်၊ အစွမ်းသတ္တိ အရည်အချင်း ဟူသမျှမှာ
ကား ခွဲခွာ၍မရ လိုက်ပါရလေသည်။ သို့ဖြစ်၍ အရွယ်မရွေး၊
အခါမရွေး၊ နေရာမရွေး အသက်ရှင်နေသမျှ ကာလပတ်လုံး
ရည်ရွယ်ချက်တစ်ခုခုကို ရောက်အောင်လုပ်မည်ဟူသော စိတ်
သည် အမြဲ ရှိအပ်ပေသတည်း။

အမြဲ ဖျင်းညံ့၍နေသူတို့မှာ ရောက်ရာဘဝ၌ အဖျင်း

အညံ့ အလေးအမွှားသာ ဖြစ်ကြသဖြင့် စပါးပင်မှ သီးစေကာမူ စပါးလုံးကောင်း ဖြစ်မည်မဟုတ်၊ အဖျင်းသာ ဖြစ်ဖွယ်ရာ ရှိသည် ကား ဗုဒ္ဓဘာသာတရားအရသာ ရေးခြင်းမဟုတ်၊ လောကဌ် အဘယ်အရာမျှ မပျောက်မပျက်နိုင်ခြင်း၊ လောကဓာတ်၌ ရှိ သမျှ အရာတို့မှာ အတိုးနှင့် အဆုတ်သာ ရှိ၍ တန့်ခြင်း၊ တန်း ခြင်း၊ ကင်းမဲ့ခြင်းသဘောတရားကို အထောက်အပံ့ပြုသာ ရေး သားဖော်ပြခြင်း ဖြစ်ပေသတည်း။

# နည်းပြအခန်း (၁၂)

## မိမိကိုယ်ကို စစ်ဆေးနည်း

လူတစ်ယောက်မှာ ပညာလည်းရှိ၏၊ အကျင့်လည်းကောင်း၏၊ ကျန်းမာခြင်းလည်း ရှိ၏။ သို့ပါလျက် လောကမှာ ဆင်းရဲပင်ပန်း၍နေရအံ့၊ အဘယ်သို့သော အကြောင်းကြောင့် ဤကဲ့သို့ ဖြစ်ပါသနည်းဟု မေးဖွယ်ရာ ရှိပေလိမ့်မည်။ အများအားဖြင့် ထိုမေးခွန်းကို ကံအကြောင်းတရားဟူသော စကားနှင့် ဖြေကြားကြပေလိမ့်မည်။

ထိုလူမျိုးသည် မိမိတို့ကိုယ်ကို အထူးသဖြင့် စစ်ဆေးဖို့ လိုလေသည်။ အကြောင်းမူကား မိမိတို့ကိုယ်တိုင် လွယ်ကူစွာ မမြင်၊ အခြားသူများလည်း လုံးလုံးကြီး မသိသောအပြစ်တွေ ရှင်းတို့မှာ ရှိ၍နေတတ်လေသည်။

လူတို့သည် အများအားဖြင့် မိမိတို့ကိုယ်သဏ္ဌာန်၌ရှိသော ချွတ်ယွင်းမှုများကို လွယ်ကူစွာ မမြင်တတ်ကြပေ။ မြင်သည့်အခါလည်း ဖုံးအုပ်တတ်ကြ၏။ သို့ ဖုံးအုပ်ကာ မိမိတို့ကိုယ်ကို ခြောက်ပြစ်ကင်းဟု စွဲမှတ်လျက် မိမိတို့ကိုယ်ကို လှည့်စားရာ ကာလ အတော်ကြာသောအခါ မိမိတို့၏ လှည့်စားခြင်းကို မိမိတို့ကိုယ်တိုင် ယုံကြည်၍ လာတတ်ကြလေသည်။

ငါ့မှာ ပျင်းသလား၊ မာန်မာနရှိ၍ နေသလား၊ အပြောအဆို အထင်အမြင် တစ်ခုခုကို ခံရမှာစိုးသဖြင့် လူထဲသူထဲကို ဝင်ဝံ့ဘဲနေလေသလား၊ အထ၊ အကြွ၊ အသွားအလာ ပေါ့ပါးသွက် မြန်သင့်သလောက် လျင်မြန်ပါ၏လား၊ အပေါင်းအသင်း အခွေအရံများအောင် ဂရုစိုက်ပါ၏လား၊ အသင်းအပင်း အဖွဲ့အစည်း အဘယ်နှခုမှာ ငါပါ၍ အကျိုးဆောင် အလုပ်များကို လုပ်ပါသနည်း။ သူတစ်ပါးအား ကြိတ်ကာ ဝန်မိုမိစွာရှိ၍ နေသလား။ ငါနှင့် ဆက်ဆံသူများ ငါ့ကို အဘယ်ပုံ သဘောရကြပါသနည်း။ တစ်ခါဆက်ဆံ ဆယ်ခါလန်ဟူသော လူမျိုးအစားထဲမှာ ငါ ပါဝင်၍များနေသလား။ ငါ၏ရိုးဖြောင့် မှန်ကန်ကြည်ခြင်းသည် စိတ်ဝမ်းအတွင်းမှ အဟုတ်တကယ် ထွက်သောအရာများ ဟုတ်ပါ၏လား၊ သို့မဟုတ် အပေါ်ရံမျှဖြစ်လေသလား၊ ပေါ်ပေါက်သော အခွင့်လမ်းပေါင်း အဘယ်မျှ များစွာတို့ကို ငါ အသုံးမပြုသဖြင့် လက်လွတ်၍သွားခဲ့ပါသနည်း။ ငါ၏

အသိမိတ်ဆွေ အပေါင်းအသင်းများပေါ်၌ ငါ အဟုတ်တကယ် ဟန်ဆောင်မဟုတ်သော ခင်မင်ခြင်းကို ထားရှိပါ၏လား။ ငါ၏ အလွန်ကျူးသောအပြစ် အဘယ်နှစ်မျိုး ရှိပါသနည်း၊ ငါ၏ အပြောအဆိုမှာ လေထုတ်အားကြီးသလား၊ အရှက်ကြီးသလား စသည်ဖြင့် မိမိတို့ကိုယ်ကို စုံစမ်းစစ်ဆေးခြင်းများ ပြုသင့်ကြလေသည်။

ထိုကဲ့သို့ စစ်ဆေးရာ၌ မိမိတို့ကိုယ်ကို မညှာမတာ မိမိအပေါ်၌ မိမိ လည်ဆယ်ခြင်းမပြုဖို့ရန် အထူးအရေးကြီးလေသည်။ ယိုကဲ့သို့စစ်ဆေးသော မြန်မာလူမျိုးတို့၏ အရေအတွက်ရာခိုင်နှုန်းသည် တစ်ရာလျှင် တစ်ယောက်မျှရှိကြမည့် လက္ခဏာမရှိပေ။ အများအားဖြင့် မကောင်းမှုကြီးများကို မပြုဝံ့ရုံကလေးမျှနှင့်၊ မိမိတို့ကိုယ်ကို လူကောင်းကြီးတစ်ယောက်ဟု မှတ်ထင်၍နေသူတွေကို အများအားဖြင့် တွေ့မြင်ရလေသည်။ အများအားဖြင့် စကားပြောကြသည့်အခါ၌ မိမိတို့ တစ်စုံတစ်ယောက်အပေါ်၌ ကျေးဇူးပြုရခြင်း မိမိတို့ စိတ်သဘောထား ကြီးမားမှန်ကန်ခြင်းများကိုသာ အသားယူ၍ ပြောတတ်ကြလေသည်။

စိတ်အပေါင်းတို့တွင် ငါတည်းဟူသော စိတ်သည် မိမိကိုယ်ကို လှည့်စားခြင်းအရာ၌ လွန်စွာ ကျွမ်းကျင်လေရာ မိမိ၏ကိုယ်ကို နှိမ့်ချရာ၌ပင် ငါ တကယ် တော်တဲ့ငါ၊ ငါဟာ အတော်ကြီး စိတ်ကို နှိမ့်ချတဲ့ ငါ၊ ငါဟာ သူတော်ကောင်းဟူ၍

အောက်သို့ နိမ့်ဆင်းရာမှ အထက်သို့ ကော့ကာ တက်တတ်လသည်။

လောကကြီးပွားရေး၌ ထိုနည်းမျိုးဖြင့် မိမိတို့၏စိတ်ကို ို်ကာ စစ်ဆေးကာ ပြုပြင်သူများ ရှိကြချေက ကံကောင်းသူ အရေအတွက်သည် ယခုထက် ပိုမိုများပြား၍ လာမည်ကား ာန်အမှန် ဖြစ်ပေသတည်း။

✿ ✿ ✿

## နည်းပြအခန်း (၁၃)

### စိတ်လက်နက်

စိတ်သည် လူ၌ ဘာကိုမဆို ဖြစ်စေနိုင်သော လက်နက် ဖြစ်လေသည်။ အသင်သည် ထိုလက်နက်၏ ပိုင်ရှင်ပေတည်း။

ထိုအကြောင်းကိုသိရှိမှုနှင့်မပြီး၊ အသိပိုင်လျက်တကယ် ရှုံကြည်အောင် နေ့စဉ်စဉ်းစား၊ ငါ၏စိတ်သည် ဘာမဆို ဖြစ်အောင်လုပ်နိုင်သော လက်နက်ဖြစ်သည်ဟူသော စကားကို နေ့စဉ် အားလပ်သည့်အခါတိုင်း ထင်ထင်မြင်မြင် ရွတ်ဆိုရမည်။

ထိုကဲ့သို့ ရွတ်ဆိုဖန်များသောအခါ အသိပိုင်လျက် ယုံကြည်သောစိတ်သည် ပိုမို ထက်သန်၍လာလိမ့်မည်။ ထိုအခါ ၎င်းစိတ်သည် အမှန် တန်ခိုးကြီးလျက် (လို-တ-ရ)ဟူသော ကစ္ဆာသယ လက်နက်ကြီးဖြစ်၍လာလေသည်။

အသင်၏သဏ္ဍာန်၌ လိုရာကိုဖြစ်စေနိုင်သော အာလာ

ဒင်၏ မီးအိမ်သည်ရှိ၏။ ထိုမီးအိမ်သည် အသင်၏စိတ် ပင်ဖြစ်လေသည်။

စိတ်သည် တန်ခိုးကြီးသောသူ၏ အမြုတေဖြစ်၏။ ထိုအမြုတေဓာတ်ကို မြတ်စွာဘုရားသခင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးမှ ရတော်မူလေသည်။

ဤလောကဓာတ်ကြီးတစ်ခုလုံးကို တည်ထောင်ပြုပြင် ဖန်တီးတိုးတက်စေသော လက်နက်သည် သတ္တဝါအားလုံးတို့၏ စိတ်ဖြစ်လေရာ အသင်သည် ထိုစိတ်ကို အသိကြီး၊ ထိုဉာဏ်တော်ကြီးနှင့် တစ်ဆက်တည်း ဖြစ်လေရာ လောကဓာတ်ကြီးကို ဖြစ်ထွန်းတိုးတက်ခြင်းကိုဖြစ်စေသော ထိုစိတ် ထိုဉာဏ်၏ အဆုံးမရှိသော တန်ခိုးသည် အသင်၏တန်ခိုးသတ္တိမရှိဘဲ အသင်တည်းဟူသော အံ့ဖွယ်ရာကြီးသည် ထင်ရှားစွာ ရှိနေနိုင်ပါမည်လား။

လောက၌ လူအစွမ်းဖြင့် ဖြစ်မြောက်ပေါ်ရှိနေသော အရာဟူသမျှသည် ရှေးဦးပထမ လူ၏စိတ်၌ရှိ၏။ ထိုစိတ်ထဲမှ ၎င်းအရာတို့သည် ဖြစ်ပေါ်၍လာကြလေသည်။

ဝိုင်ယာလက်၊ ရေဒီယို၊ လေယာဉ်ပျံ၊ စက်သေနတ်စသည်တို့သည် လူ၏စိတ်အတွင်း တိုက်ရိုက် ထွက်ပေါ်၍ လာကြလေသည်။

အကယ်၍ ကျွန်ုပ်တို့ထက် များစွာ ကြီးကျယ်သော သတ္တဝါကြီးတစ်မျိုးမျိုးသည် ကျွန်ုပ်တို့ကို မှန်ဘီလူးဖြင့် ကြည့်ကာ ကျွန်ုပ်တို့၏အကြောင်းကို သင်ကြားမှတ်သားကြချေက လူဟုခေါ်သော ပိုးကောင်၏ကိုယ်မှ မော်တော်ကား၊ သင်္ဘော၊ ဝိုင်ယာလက်၊ လေယာဉ်ပျံတွေ ထွက်ပေါ်ကြ၏။ ၎င်းလူသတ္တဝါ တည်းဟူသောပိုးမှာ ထိုအရာများကိုဖြစ်စေသော ဓာတ်တစ်မျိုး ရှိ၏ဟု တွေးခေါ်ရေးသား ၎င်းတို့၏ လောကဓာတ်ကျမ်းများ၌ ဖော်ပြပေလိမ့်မည်။ သို့တွေးခေါ် ယူဆခြင်းသည် မှားလိမ့်မည် မဟုတ်ပေ။ အကြောင်းမူကား လူ၌ ထိုတန်ခိုးသည် အရှိန်ရှိ၏၊ ၎င်းတန်ခိုးသည်ကား လူ၏စိတ်ပေတည်း။

ထိုတန်ခိုးသည် လူတိုင်းမှာရှိ၏။ သို့သော်လည်း ထိုတန်ခိုးကို တကယ် ထင်အောင်မြင်အောင်ကြည့်တတ်၍ တကယ် ယုံကြည်ကိုးစားလျက် တကယ် ထင်ရှားအောင် အသုံးပြုသူတို့မှာကား နည်းပါးကြလေသည်။ တကယ် ယုံကြည်၍ တကယ် အသုံးပြုလျက် ထိုစိတ်လက်နက်ကို အမြဲတကယ် အသုံးပြုသော ပုဂ္ဂိုလ်တို့သည် ကမ္ဘာ့ရာဇဝင်၌ ထင်ရှားသူများ ဖြစ်ကြလေသည်။

သံသည် လွန်စွာ မာ၏၊ လူ၏စိတ်သည် ထိုသံကို အရည်ဖြစ်စေပြီးနောက် ဘဏ္ဍာအမျိုးမျိုးသို့ ပြောင်းလျက် အသက်ကို သွင်းခိုင်းလေသည်။ ဆင်၊ ကျား၊ ခြင်္သေ့သည် လွန်

စွာ ကြောက်မက်ဖွယ်ကောင်း၏။ လူ၏စိတ်သည် ထိုရန်သူများကို မဟာမိတ် ဖြစ်စေလျက် စေခိုင်းနိုင်၏။ မီး ရေ လေ မြေတို့သည် လူ၏ စိတ်စေခိုင်းရာကို ကြိုးနွံစွာ ခံစားကြရလျက် အကျိုးကို ဆောင်ကြရလေသည်။

သို့ဖြစ်လေရာ တစ်စုံတစ်ရာကို ငါ ဖြစ်အောင်လုပ်မည်ဟု ကြံ၊ ထိုအရာကို ထင်မြင် ငါ၏စိတ်လက်နက်ဖြင့် ထိုအရာကို ဖြစ်စေမည်ဟု ယုံကြည်၍ နည်းလမ်းရှိသမျှကို အလုံးပြုက ဖြစ်ရမည်သာတည်း။

◎ ◎ ◎

# နည်းပြအခန်း (၁၄)

## တကယ့်ဆိုင်ကိုလိုဂျီ

တကယ့် ဆိုင်ကိုလိုဂျီမှာ အထက်က ဖော်ပြဖူးခဲ့သည့် အတိုင်း နှစ်မျိုးရှိသည့်ပြင် လက်တွေ့တစ်မျိုး သဘောတရား ဆိုင်ရာ တစ်မျိုးဟု နှစ်မျိုးရှိသည့်ပြင် လက်တွေ့တစ်မျိုးသဘော တရားဆိုင် တစ်မျိုးဟု နှစ်မျိုး ခြားနားပြန်လေသည်။

သဘောတရားဆိုင်ရာ၊ ဆိုင်ကိုလိုဂျီ ပညာမှာ (Phylosophy) ဖီလိုဆိုဖီ၊ ပညာခြောက်ပိုင်းအနက် တစ်ပိုင်းဖြစ်လေ ရာ သိပ္ပံများ၌ ရှေးအခါမှစ၍ သင်ကြားခဲ့ကြရသော ပညာ ဟောင်း ဖြစ်လေသည်။

ထိုပညာ၌ လူ၏အသိ၊ တိရစ္ဆာန်အမျိုးမျိုးတို့၏အသိ၊ အာရုံတို့ကို တွေ့ထိ သိမြင်ပုံ စသည် ဗုဒ္ဓဘာသာ အဘိဓမ္မာနှင့် ဆင်ဆင်တူသော ပညာဖြစ်လေသည်။

ဥပမာ ရုပ်ရှင်တစ်ခုခုကို မျက်စိနှင့် မြင်ရာ၌ မြင်ခြင်းကိစ္စမှာ အဆင့်ဆင့်တွေ့ များပုံ၊ ထိုအာရုံများ ဦးနှောက်သို့ အဘာယ်ပုံရောက်၍ အသိဖြစ်ပေါ်လာပုံ စသည်များသည် ထိုဆိုင်ကိုလိုဂျီဖြစ်၏ နက်နဲသော အရာများဖြစ်ရာ ဖီဇီအော်လော်ဂျီခေါ် ကိုယ်ခန္ဓာအိမ် အဆောက်အဦးဆိုင်ရာ ပညာနှင့်လည်းကောင်း၊ ဇူအိုလိုဂျီခေါ် တိရစ္ဆာန်များအကြောင်းဆိုင်ရာ ပညာနှင့်လည်းကောင်း ရောယှက်လျက်ရှိသဖြင့် လွန်စွာ ကျယ်ဝန်းသောကြောင့် တစ်သက်လုံး သင်သော်လည်း ဆုံးခန်းသို့မရောက်နိုင်ပေ။

အခြားလက်တွေ့ ဆိုင်ကိုလိုဂျီမှာ ရောင်းဝယ်ရေးဆိုင်ကိုလိုဂျီ၊ ကြော်ငြာဆိုင်ကိုလိုဂျီ၊ အပြောအဟော ဆိုင်ကိုလိုဂျီစသည်ဖြင့် အမျိုးမျိုးရှိသည့်ပြင် ကာမနှင့်ဆိုင်သော ဆိုင်ကိုလိုဂျီမှော်အတတ်ကဲ့သို့ အသုံးပြုသော ဆိုင်ကိုလိုဂျီဟူသော ပညာများလည်း ရှိလေသည်။

ကျွန်ုပ်တို့ မြန်မာပြည်၌ စုန်း၊ ပယောဂ ပူးသည်ဆိုသော ရောဂါများကို ဥရောပ အမေရိကန်တိုင်းများ၌ ဂါထာမန္တန် ဆေးဝါးမပါ ဆိုင်ကိုလိုဂျီနည်းဖြင့် စိတ်ကိုလည်းကောင်း၊ အိပ်မက်ကိုလည်းကောင်း၊ အတိတ် အဖြစ်အပျက်ကိုလည်းကောင်း စစ်ဆေး၍ ကုသကြလေသည်။

သို့ဖြစ်လေရာ လက်တွေ့ ဆိုင်ကိုလိုဂျီမှာ လွန်စွာ

များပြားကျယ်ဝန်းသော်လည်း ယခုအခါ အစကလေးမျှ ဖြစ်လေသည်။ နောင်နှစ်ပေါင်းများ မကြာမီ လောကဓာတ်ပညာအပေါင်းတို့တွင် လက်တွေ့ဆိုင်ကိုလိုဂျီသည် အကြီးကျယ်ဆုံးဖြစ်လျက် သိပ္ပံများမှာပင် သင်ကြားကြရပေလိမ့်မည်။ ဆေးပညာ သင်ကျောင်းများ၌ကား ဆပ်ဂျက်ရှင်းခေါ် ဆိုင်ကိုလိုဂျီပညာကို သင်ကြရလေပြီ။ ထိုပညာ၏အစွမ်းဖြင့် ယခုအခါ ဥရောပ၊ အမေရိက၊ ဆေးဆရာဝန်ကြီးများသည် ဆေးဖြင့်ကု၍မရသော ရှုပ်ထွေးသည့် ရောဂါကြီးများကို ထိုနည်းဖြင့် ကုသကြလေသည်။ တခြားရောဂါများမှာလည်း ဆေး-အစား ရေကိုဆေးဟန်ဆောင်၍တိုက်ပြီး ဆပ်ဂျက်ရှင်းနည်းဖြင့် ကုသကြလေသည်။

# နည်းပြအခန်း (၁၅)

## ဆန္ဒစိတ်

လူ၌ ဆန္ဒသည် တန်ခိုး လွန်စွာကြီး၏။ လောကကြီးတစ်ခုလုံးကို တည်ထောင်သော စိတ်ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ဆန္ဒရှိက နည်းလမ်းရဟူသော စကားဖြစ်လေသည်။

ဆုတောင်းမေတ္တာများ၌ လိုလားတောင့်တချက်ကို ပြည့်ဝစေသော သတ္တိသည် ဆန္ဒပင်ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ဆန္ဒရှိက နည်းလမ်းရဟူသော စကားရှိလေသည်မှာ မှန်ကန်သော သဘောတရား၏ သက်သေခံတစ်ခုပင် ဖြစ်ချေသည်။

ဆန္ဒသည် ဘာကိုမဆို ဖြစ်နိုင်ကြောင်း၊ ဆိုင်ကိုလိုဂျီအဲဘော်လျူရှင်း ဆိုင်ကိုလိုဂျီပညာများဖြင့် သိရလေသည်။

လူမျိုးဟူသမျှသော ဆုတောင်းခြင်းသည် ပြည့်စသည်ဟု ယုံကြည်ကြသည်မှာ ဆန္ဒအစွမ်းပင် ဖြစ်လေသည်။ တိရစ္ဆာန်များသည် ပြောင်းလဲတိုးတက်ခြင်းကို လိုလားသော ဆန္ဒအစွမ်းကြောင့် ဆန္ဒအတိုင်းဖြစ်ကာ တိုးတက်ပြောင်းလဲကြရလေသည်။

သို့သော်လည်း ဆန္ဒသည် ကြည်လင်သန့်ရှင်းသော ရည်ရွယ်ချက်ရှိဖို့လိုလေသည်။ တစ်စုံတစ်ရာကို တစ်သမတ်တည်း စွဲစွဲမြဲမြဲ ထင်မြင်တောင့်တချေက ထင်မြင်သည့်အတိုင်း ဖြစ်လေသည်။

တစ်စုံတစ်ရာကို ရအောင်ဆုတောင်းသည့်အခါ တကယ်ထက်သန်သောစိတ်နှင့် အလိုရှိသောအရာကို စူးစိုက်စွာထင်မြင်ဖို့ လိုလေသည်။ စူးစိုက်ခြင်းသည်လည်း ပေါက်ရောက်ခြင်းဖြစ်လေသည်။

လောက၌ လူများရနိုင်သော အရာမှန်က စူးစိုက်စွာ ထင်မြင်ကြလျက် ထက်သန်စွာ တောင့်တသော ဆန္ဒရှိက ရနိုင်လေသည်။ မြန်မာပြည်သို့ နိုင်ငံခြားမှ လာရောက်သူတို့၏စိတ်၌ ငွေကြေးဥစ္စာကို ရလိုသော စိတ်နှင့် အမြဲ တောင့်တထင်မြင်၍ လာကြသူများ ဖြစ်ကြသောကြောင့် ငွေရှင်များ ဖြစ်ကြလေသည်။ မြန်မာလူမျိုးများမှာကား ထိုကဲ့သို့ ထက်သန်စွာ တောင့်တခြင်းမရှိ၊ သုံးဖို့သာ ထင်မြင်ကြသောကြောင့် ကုန်ကြ၊ ဆင်းရဲကြရလေသည်။

တရုတ်ကုလား နိုင်ငံခြားသားတို့မှာ ခေါင်းရွက်ပြက်ထိုး သေးနုတ်လှသည်ဟု ထင်မြင်ရသော စားဖွယ်သောက်ကုန်ကလေးများမှ ၆ ပဲ၊ ၇ ပဲ စသည့် ရင်းနှီးရောင်းဝယ်နေကြရသည့် အခိုက်အတန့်ကလေးကပင် အရောင်းကြီး အဝယ်ကြီး ကုန်သည်ကြီးဘဝကို အခါမဟုတ် တောင့်တလျက် သမ္မာဒါလေးပါး ဆိုတဲ့ ဗမာ့တရားကို ဘာသာလုပ်မှန်း မသိဘဲလျက် ၎င်းတို့လိုလားတောင့်တသည့် ဆန္ဒအတိုင်း ခြိုးခြံစွာ ချွေတာမျှတစွာ သုံးစားရင်း ပြင်းထန်သော လုံ့လအစွမ်းဖြင့် လိုလားတောင့်တသည့် ဆန္ဒကို မကြာမီ လက်ကိုင်ရပြီး ကွမ်းယာ၊ ဆေးလိပ်၊ မီးခြစ်ဆိုင်ပိုင်ကလေးနှင့် ဒုတိယအဆင့်ကို ထိုးတက်ကြလျက် နှစ်လများစွာ မကြာမြင့်မီ ကုန်သည်သူဌေးကြီးများ ဖြစ်ကြရပုံကို မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပေမည်။

မြန်မာလူမျိုးတို့မှာ သမ္မာဒါတရား လက်ကိုင်ရကြပါလျက် လိုလားတောင့်တချက် ဆန္ဒမရှိရုံမက ဝီရိယလုံ့လ ကင်းမဲ့ကြသဖြင့်ရှိပြီး စည်းစိမ်တို့ လျော့ပါးသွားရခြင်းကို အကုသိုလ်ခံစီးသည်ဟု မှတ်ထင်၍ နေတတ်ကြလေသည်။ ဝီရိယရှိသူကို အား ကံက ကူညီမည်ဟူသော စကားမှာ ယခုအခါ သင်ခန်းစာသဖွယ် ထင်ရှားနေမည်ဖြစ်ရာ လုံ့လ ဝီရိယပင်လျှင် ဆန္ဒကို အခံပြုပြီး ဖြစ်ပေါ်လာရသော ထကြွနိုးကြားမှု ဖြစ်လေရာ

လိုလားတောင့်တခြင်းဟူသော ဆန္ဒနှင့်ကင်း၍ သမုဒ္ဒရာ ရေမြေ တောတောင်တို့ပင် ဖြစ်ပေါ်စရာ အကြောင်းမရှိပေ။

သို့ကြောင့် မည်သည့် လူမျိုး၊ မည်သည့်ဘာသာမှာမဆို ဆုတောင်းခြင်းသည် ပြည့်ဝနိုင်ကြောင်း ယုံကြည်ကြသည်မှာ အပြစ်ဆိုစရာ မရှိပေ။ ဆုတောင်းခြင်း ဆန္ဒရှိလျှင် ထက်သန်သောစိတ်နှင့် မဖြစ်မနေ မရမနေကောင်းသော ဇာတိမာန်တွေနှင့် ရှာဖွေကြံဆဖို့ အားတက်လာကြခြင်းအားဖြင့် မနေမနား ဆောင်ရွက်ကြသဖြင့် မုချ ဆုတောင်းပြည့်၍လာမည်ဖြစ်ကြောင်းကို ကောင်းစွာ ဖော်ပြလိုက်ရပေသတည်း။

◎ ◎ ◎

လူသည်လည်း ထိုတန်ခိုးကြီးသော လောကဓာတ်ကြီး
ကို ဖြစ်စေသည့် သဘောတရားပင်လျှင် အကြောင်းရင်းဖန်၍
ဖြစ်ပေါ်ရသော အမြတ်ဆုံး သတ္တဝါဖြစ်ရာ ဤတန်ခိုးကြီးသော
လောကဓာတ်နှင့် တစ်ဆက်တည်းဖြစ်လျက် ဤလောကဓာတ်
ကြီးကိုပင် ခိုင်းစေ၍နေလေရာ အဘယ်မှာ တန်ခိုးမကြီးဘဲ
နိုင်ပါမည်နည်း။

ထိုတန်ခိုးသည် တစ်စုံတစ်ရာကို ထင်မြင်ခြင်း ထင်မြင်
သော အရာကို လိုချင်တောင့်တခြင်းတည်းဟူသော ဆန္ဒ၌
တည်ရှိကြောင်း လက်တွေ့ သက်တွေ့တွေ့များစွာ ပြနိုင်လေ
သည်။

သက်ရှိသက်မဲ့ အရာတစ်ခုခု အခြေအနေတစ်ခုခုကို
စွဲစွဲလမ်းလမ်း တောင့်တထင်မြင်သောအရာ ရနိုင်သည့် တန်ခိုး
ရှိကြောင်း တကယ် ယုံကြည်ချေက စူးစိုက်စွဲမြဲသော ဆန္ဒ၏
ထက်သန်သလောက်အရ ဖြစ်လေသည်။

သမာဓိသစ္စာတည်သော ပုဂ္ဂိုလ်များမှာ လိုတရဟူသော
တန်ခိုးရှိကြောင်း သိသာသော အထိမ်းအမှတ်တွေ များစွာရှိကြ
လေသည်။

အခြေအနေတစ်ခုခုကို တကယ် တောင့်တလိုလား
မဖြစ်မနေရဟူသော စိတ်ကို တင်းလျှင် ဧကန် ရနိုင်လေသည်။
တစ်ခါတစ်ရံ တစ်စုံတစ်ရာကို တစ်လနှစ်လ ဆက်လက်၍

အောင့်တခဲ့ရာ မတွေးမခေါ် မမျှော်လင့်သော နေရာ၌ တစ်နည်းနည်းနှင့် ထိုအရာကို ရရှိတတ်လေသည်။

ဤကား မတော်မရာ်ဖြစ်ခြင်း မဟုတ်ပေ။ ဆန္ဒ၏တန်ခိုးဖြစ်လေရာ ထိုတန်ခိုးရှိကြောင်း အထက်ဖော်ပြသောနည်းအတိုင်း သေချာစွာ စဉ်းစား၍ တကယ် ယုံကြည်သောအတွက် သမာဓိ ခိုင်လုံသလောက် ထိုတန်ခိုးသည် ထင်ရှားသောအကျိုးကို ပေါက်စေနိုင်လေသည်။

လူ့လောကတစ်ခုလုံးတွင် ထိုဆန္ဒသည် စီမံလျက်ရှိ၏။ ဆုံနေ့သမျှ ကြွယ်ဝချင်၏။ သို့သော်လည်း ပူပူလောင်လောင်လမ်းခြင်းမရှိ ပေါ့ပေါ့ဆဆသာ ရှိကြလေသည်။

မြန်မာပြည်သို့ လာကြသော ကုလားလူမျိုးများ စိတ်ဆန္ဒ ထက်သန်သလောက် မြန်မာလူမျိုးမှာ မထက်သန်ပေ။ ဆန္ဒဓာတ်အားကြီးက ရပေါက်ရလမ်းဖြစ်သော နည်းလမ်းများသည်လည်း ဆန္ဒဓာတ်အားကြီးသူများအတွက် ပိုမို၍ မြင်လွယ်သသည်။

ရွှေတိုရွှေစ ကောက်ရလိမ့်မည်ဟု ယုံကြည်လျက်ဘာဘရမ္ဘက်ကလည်း အထူးကြီးချေက ကောက်ရတတ်လေသည်။ ထီထိုးခြင်း၊ လောင်းကစားခြင်းများ၌လည်း အချို့လူများ ငါ ဒီနည်းလမ်းမျိုးနှင့် ကံမစပ်ပါဘူး၊ မပေါက်နိုင်ပါဘူး၊ ငါ့ အကျိုးမပေးပါဘူးဟု အယူရှိသော သူတို့မှာ ထိုနည်း

လမ်းများဖြင့် အောင်မြင်ရရှိဖို့ရန် ခက်ခဲ၏။ ထိုပေါက်သူများ လောင်းကစား၍ မကြာမကြာ ရသူများမှာ ရလိမ့်မယ်ဟူသော အစွဲတစ်ခု ရှိလေသည်။

ထိုအစွဲကို ပြုပြင်လျှင် ရ၏။ ငါ ချမ်းသာရမည့်လူပဲဟူသော စိတ်တစ်ခုကို မပျောက်စေဘဲ အမြဲ ထားရှိရမည်။ အမွဲစိတ်ပေါ် လာလျှင် ဖျောက်ရမည်၊ သူတို့တော့ မော်တော်ကားနဲ့၊ အိမ်နဲ့၊ ခြံနဲ့၊ စိန်ရွှေတွေနဲ့ ကုသိုလ်ထူးကြပါပေတယ်၊ ငါတို့တော့ တယ်ညံ့တာပဲဟူသော စိတ်မျိုး ပေါ်ပေါက်ခွင့်မပေးရ သတိကြပ်ကြပ်ထား၍ ပြုပြင်လျှင် ရက်လများ မကြာမီအတွင်း အခြေအနေ ပြောင်းလဲ၍လာသည်ကို သိရပေလိမ့်မည်။

အချို့မှာ ငါတော့ ဒီဘဝမှာ ဒါပဲဟူသော စိတ်တစ်မျိုး ရှိတတ်လေရာ ထိုစိတ်ကို ဖျောက်ဖျက်မှ လူ၌ ရှိရင်းဖြစ်သော တန်ခိုးမှာ ပြန့်ပြောခြင်း ဖြစ်နိုင်လေသည်။

မည်သည့် 'လူမျိုးမဆို' မည်သည့်ဘာသာတရားကို အသက်ဦးဆံထား၍ လေးစားယုံကြည်ကြခြင်းသည် လူမျိုးတိုင်းတွင် ရှိကြမြဲ ဖြစ်လေသည်။

ဗုဒ္ဓဘာသာ လူမျိုးတို့မှာကား မကြာမီက ပြီးစီးသွားသော သီတင်းကျွတ် မီးပူဇော်ပွဲကြီးကို တွေ့ရသဖြင့် ဗုဒ္ဓဘာသာ သာသနာတော်ကြီးတွင် နေ့ထူးနေ့မြတ်တစ်ခု အပါအဝင်ဖြစ်သော ၎င်းသီတင်းကျွတ်လပြည့်နေ့ကြီးကို ဗုဒ္ဓဘာသာဖြစ်သော

ကျွန်ုပ်တို့မြန်မာလူမျိုးများသည် များစွာ အလေးပြုကြောင်း ထင်ရှား စွာဖြစ်ရာ သက်သေခံကြီးတစ်ခု ဖြစ်လေသည်။

အထူးသဖြင့် ကြည့်မြင်တိုင် စမ်းချောင်းရပ်တွင် အနီး အနားဖြစ်သော ရန်ကုန်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ စက် ဆန်း၊ သင်္ဃန်းကျွန်း၊ အင်းစိန်၊ ကြို့ကုန်း စသော ဌာနများကပင် လာ၍ ကြည့်ရှုကြရလေအောင် အထူးစည်ကား၍ ကြည့်ရှုဖွယ် ရာများ ဖြစ်ပေသည်။

နောက်များမကြာမီ တန်ဆောင်တိုင် ပွဲတော်ကြီးသည် ကား ဤမျှလောက် မကြီးကျယ်ဟု ဆိုရသော်လည်း အသင့် အတင့် ဆီမီးများကို ထွန်းညှိပူဇော်ကြပေလိမ့်မည် ဖြစ်ကြောင်း။

ကျွန်ုပ်တို့ အထူး သတိပေးလိုသည်မှာ ဘာသာရေး သာသနာရေးမှစ၍ မည်သည့်ကိစ္စအတွက်မဆို ပြုလုပ်ကြရာ တွင် မိမိတို့တိုင်းပြည်ဖြစ် မိမိတို့၏ အမျိုးသားလုပ်သော ပစ္စည်း များကိုသာ အားပေးကူညီသော သဘောဖြင့် သုံးစွဲနိုင်ကြရန် အထူး သတိပြုသင့်ပေသည်။

သို့မှသာလျှင် ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ တဖြည်း ဖြည်း ခေါင်းထူနိုင်ကြရာအကြောင်း ရှိပေမည်။

မီးများကို ထွန်းညှိပူဇော်ရာတွင် ရှေးထုံးရှေးနည်းကို မဖျက်ဘဲ ဆီမီးခွက်များဖြင့် ပူဇော်ကြမည်ဆိုလျှင် ယခု ခေတ်

ကျပ်ကြီးအလျောက် ချွေတာရေးလည်းကျ၊ ကုသိုလ်လည်းအရ မနည်းလှ၍ ကောင်းမြတ်သော နည်းလမ်းဖြစ်ပေ၏။

ကျွန်ုပ်တို့သည် အခြားနိုင်ငံနှင့် အခြား လူမျိုးကွဲတို့အား မနားမနေ ပေးဝေမှုတကြလွန်းသောကြောင့် ဤမျှ ဆင်းရဲတွင်း နက်နေကြသည်ကို သတိမရနိုင်ကြသေးလျှင် နောင် တဖြည်းဖြည်း တစ်စတစ်စ သာ၍ပင် အခက်ကြုံကြရမည့်အရေးကို တွေး၍ပင် ကြောက်စရာကောင်းနေကြပြီဖြစ်ကြောင်း။

သို့ဖြစ်၍ ကျွန်ုပ်တို့မြန်မာလူမျိုးသည် အစစ အရာရာတွင် သဘောသမ္ပဇဉ်တရား ရှေ့ထားပြီးလျှင် အမျိုးသားကို ချစ်ခင်ညှာတာကြလျှင် စားပေါက်စားကွက်ရှိသမျှကို မိမိတို့ အမျိုးသားများ စားသောက်ကြရအောင် အထူး ဂရုပြုသင့်ကြပေကြောင်း။

# နည်းပြအခန်း (၁၇)

## ဆိုင်ကိုလိုဂျီအစစ်

ဆိုင်ကိုလိုဂျီဟူသော စကားနှင့် ကြီးပွားရေးအကြောင်း အများကိုရေခဲ့ရာ ဆိုင်ကိုလိုဂျီ အစစ်မဟုတ်ပေ။ သို့ဖြစ်လေရာ ပညာအပေါင်းတို့၏ဘုရင်ဟု ခေါ်ဆိုအပ်သော လူတို့၏စိတ် အကြောင်းဆိုင်ရာ ထိုပညာအစစ်အမှန်ကို ဗဟုသုတ လိုလား သူများ သိရှိနိုင်ကြရန် နက်နဲခက်ခဲခြင်းဟူသမျှကို လွယ်ကူရှင်း လင်းစွာ လူတိုင်း နားလည်အောင် သိပ္ပံစကားများမပါဘဲ အရပ် စကားဖြင့် ရေးသားပေအံ့။

လောကတွင် လူသည် အမြတ်ဆုံး အကြီးအကျယ်ဆုံး ဖြစ်ရာ လူ၏စိတ်နှင့်ဆိုင်သော ပညာသည်လည်း အကြီး အကျယ်ဆုံးသော ပညာဖြစ်လေသည်။

ထိုပညာမှာ နာမ်တရားကို အရင်းခံပြုသော ဝါဒ၊ ရုပ်တရား ဓာတ်သဘောတရားကို အရင်းခံပြုသော ဝါဒဟု နှစ်မျိုးရှိ၏။

နာမ်ဝါဒမှာ (Vitalistion) သို့မဟုတ် (Animistion) ခေါ်၏။ ထိုစကားမှာ အသက်ဝိညာဉ်နှင့်ဆိုင်သော အနက်ရှိ၏။ ထိုဝါဒအရ လူမှာ ရုပ်အပြင် နာမ်ရှိသေးသည်ဟု ယူကြ၏။ ရုပ်ဝါဒမှာ (Mechanistic) ခေါ်၏။ လူ၊ တိရစ္ဆာန်ဟူသမျှမှာ နာမ်မရှိ၊ အတ္တဟုခေါ်အပ်သော ဝိညာဉ် (Soul) မရှိ။ ရုပ်နှင့် ဓာတ်သဘောတွေသာ ရှိသည်ဟု ယူသော အယူဖြစ်၏။

အသက်မရှိသော ဓာတ်သတ္တုများမှာလည်း နာမ်ဟုခေါ်မှတ်လောက်သော အမူအရာတွေရှိကြောင်း စင်စစ် နာမ်မဟုတ်၊ ဓာတ်သဘောတွေသာဖြစ်ကြောင်း ဥပမာ ပြဒါးသည် ခဲကိုကြိုက်၏။ ထိုအကြိုက်သည် နာမ်သက်ရှိသကဲ့သို့ မှတ်ထင်ရ၏။ လူမှာသာ ဆာလောင်၍ အစာကို စား၏။

သို့ဖြစ်၍ နာမ်သက်ရှိသည်၊ အတ္တရှိသည်ဟု မှတ်ထင်တတ်ကြ၏။ စင်စစ်မှာမဟုတ်၊ အစာကို မရလျှင် လှုပ်ရှားခြင်း တစ်မျိုးဖြစ်၍ ထိုလှုပ်ရှားခြင်းသည် မွတ်သိပ်ခြင်းဟု ခေါ်အပ်သော ဓာတ်သဘောမျှသာ ဖြစ်၏။

မွတ်သိပ်သောအခါ တောင်းစား၊ မြောက်စား၊ တောင်သွား၊ မြောက်သွား လှုပ်ရှားသွားလာရာ အစာကို တွေ့ရ၏။

တွေ့သောအခါ စား၏၊ ထိုကဲ့သို့ ဖြစ်ခြင်းမှာလည်း လှုပ်ရှားခြင်း ၏ အချိတ်အဆက်တွေဖြစ်ရာ စားရသောအခါ လှုပ်ရှားခြင်းရပ် ၏။ နောင် ထိုကဲ့သို့ ဖြစ်ဖန်များသောအခါ အတွေ့အကြုံများပြီး အဘယ်ပုံရှာလျှင် အာရှယ်နေရာမှာ အဘယ်နည်းဖြင့် အစာကို ရနိုင်သည်ဟူသော သညာတွေ ဖြစ်ပေါ်၏။ ထိုသညာတို့သည် လည်း ဓာတ်သလောများပင် ဖြစ်လေသည်။

ဝေဒနာတို့သည်လည်း ဓာတ်သဘောများသာ ဖြစ် သည်။ ရေသည် ပူလျှင်ဆူ၏။ ရေ၌ ပူခြင်းသည် ဝေဒနာဖြစ်၏။ ပူခြင်းသည် လှုပ်ရှားခြင်းဖြစ်၏။ လူမှာလည်း ထိုနည်းအတိုင်း ဖြစ်ရာ ထိုဝေဒနာများကိုသိသော နာမ်ဝိညာဉ်ရှိသည်ဟု မှတ် ထင်နေကြသည်မှာ မှားယွင်းလာသည်။ အကြောင်းမူကား အသိသည် တကယ် မဟုတ်ပေ။ တကယ်သာ နာမ်ရှိချေက အသိသည် မှန်ကန် တည်တံ့ရာ၏။ စင်စစ်မှာကား မမှန်ပေ၊ အရာဝတ္ထုတစ်ခုကို ကပ်၍ကြည့်လျှင် ကြီး၏။ ခွာ၍ကြည့်လျှင် ငယ်၏။ အကယ်၍ အမှန်ကိုသိသော၊ နာမ်ဝိညာဉ်ရှိချေက တစ်သမတ်တည်း တူညီစွာ သိရာ၏။ ထိုနည်းကဲ့သို့ တူညီစွာ မသိရခြင်းသည် ဓာတ်သဘာဝ၏ ပြုပြင်ခြင်းကြောင့်သာ ဖြစ် လေသည်။

ဇင်းပြင် ဓာတ်ပြုပြင်ကြောင်း သိရသည့် သက်သေမှာ သွေးထဲကို အရက်ဝင်သည့်အခါ အာရုံကြောများ လှုပ်ရှားခြင်း

တစ်မျိုးကို ဖြစ်စေ၏။ ထိုလှုပ်ရှားခြင်းကို 'ရဲရင့်ခြင်း'ဟု ခေါ်၏။ ဆေးခြောက်ကို စားသည့်အခါ တစ်မျိုးဖြစ်၍ 'အကြောက်'ဟု ခေါ်လေသည်။

အကယ်၍သာ ရုပ်နှင့်မဆက်သော သီးခြားဖြစ်သော နာမ်သည် လူ၏ကိုယ်၌ ကိန်းအောင်း၍နေချေက ရုပ်နှင့်ဆိုင်သော ဓာတ်သဘောတို့ကြောင့် နာမ်ဝိညာဉ်တည်းဟူသော (Consciousness) ခေါ် အသိမှာ ထိခိုက်ခြင်းဖြစ်ဖို့ မရှိပေ။ ထိုအသိသည် နာမ်မဟုတ်၊ ရုပ်ဖြစ်ကြောင့်သာ၊ ရုပ်ဓာတ်များနှင့် ဆက်သွယ်လျက် လှုပ်ရှားခြင်းဖြစ်ရသည် စသည်ဖြင့် စွဲမှတ်သော ဝါဒသည် (Mechanistic) ခေါ် ရုပ်စက်ဝါဒ ဖြစ်လေသည်။

အထက်၌ ဖော်ပြသော ဗျိတာလစ်စတစ်(ဝါ) အယ်နီမစ်တစ်ဝါဒမှာ ကမ္ဘာလောက ဓာတ်သက်ရှိ သက်မဲ့ကို အစိုးရလျက် ဖန်တီးစီမံ၍နေသော နာမ်သက်ဉာဏ်သက်ကြီး ရှိ၏။ ထိုနာမ်သက် ဉာဏ်သက်ကြီးမှာ အစအဆုံးမရှိ နေရာတိုင်းကို ထွင်းဖောက်လျက် တန်ခိုးမှာလည်း အဆုံးမရှိဟု အယူရှိကြလေသည်။ ဝိညာဉ်၊ သက်၊ နာမ်သက်၊ ဝိညာဉ်သက်ကို မသိသောသူတို့က အကောင်အထည်မရှိသော ထာဝရဘုရားဟု စွဲမှတ်ကြ၏။

## နည်းပြအခန်း (၁၈)

## ဆိုင်ရာအလုပ်

ပညာကို တတ်အောင်သင်ကြ၊ မသူတော်နှင့် မပေါင်းကြနှင့်၊ အပျော်အပါး အလွန်လိုက်စား၍၊ ဘိုး-ဘွား-မိဘ၊ စုထားပစ္စည်း၊ ရပြီးမကြာ၊ ကုန်အောင်သုံး၍ ဖြုန်းကြပါလျှင် ပူပင်သောက ရောက်တတ်လှလှ၊ ဟောကြ၊ ပြောကြ ဆုံးမကြလည်း၊ ချည်းနှီးပင်သာ၊ ဓမ္မတာ၊ ပမာလေသို့ ဖြစ်ချေသည်။ သို့ဖြစ်ခြင်းမှာ ကြောင်းရင်းရှာသော် သူငါကစ၊ ဆုံးမပဲ့ပြင်၊ ထိုလမ်းစဉ်ကို၊ သိမြင်ပြီးဖြစ်သောကြောင့်ပင်တည်း။

ယခုအခါ ထိုနည်းလမ်းတို့ဖြင့် ဆုံးမ၍မရပေ။ လူတို့၏ဓမ္မတာမှာ ဆုံးမခြင်း၊ တရားပြခြင်း ဟူသမျှကို နားထောင်ကောင်းသည်ဟု သဘောထားကြသလောက်၊ လိုက်နာခြင်းတားမရှိတတ်ကြပေ။ ယခုအခါ ရောက်သည့်တိုင်အောင် လူသတ္တဝါ

တို့၏ ပြောင်းလဲတိုးတက်ခြင်း၊ ရှေးပဝေသဏီခေတ်အခါများမှာထက် ပိုမို၍ ဝပြောသာယာလျက် တင့်တယ်သားနား ခမ်းနားကာ အလုပ်အကိုင် အကြံဉာဏ် ကြီးမားခြင်းဟူသမျှသည် သွန်သင်ဆုံးမ တရားပြကြသော ဆရာသမားတို့၏ အစွမ်းကြောင့်လည်းမဟုတ်။ ဆုံးမစာတို့၏ အစွမ်းကြောင့်လည်းမဟုတ်။ မပြောင်းမလဲဘဲ မနေနိုင်အောင် အကြောင်းအားလျော်စွာ ပေါ်ပေါက်၍လာကြသော ပုဂ္ဂိုလ်များ၏ ရှေ့ဆောင်ခြင်းများကြောင့်လည်းကောင်း၊ ဆင်းရဲဒုက္ခ တွေ့ကြုံကြရခြင်းများသောကြောင့်လည်းကောင်း၊ တိုးတက်ပြောင်းလဲခြင်းများ မဖြစ်ဘဲ မနေရအောင် ဖန်တီးသော အခြားအကြောင်းအရာများ၏ အစွမ်းကြောင့်လည်းကောင်း၊ ဤယခု အခြေအနေသို့ ဆိုက်ရောက်၍ နေကြခြင်း ဖြစ်လေသည်။

တိုင်းပြည်နှင့် အမျိုးသားတို့မှာ အဘယ်အတွက်အောက်ကျ မှေးမှိန်သိမ်ငယ်ခြင်းဖြစ်၍နေကြသည်ကို သိသူတွေများစွာ ရှိကြလေသည်။

ထိုအကြောင်းများကို ဟောပြောသွန်သင် ပဲ့ပြင်ဆုံးမလမ်းကောင်းကို ပြနိုင်သူတွေ များစွာပင် ရှိကြလေသည်။ သို့သော်လည်း လမ်းကောင်း နည်းကောင်းကို ရေးသားဟောပြောကြသလောက် အလုပ်ဖြင့် မပြလိုကြချေ။ တစ်နိုင်ငံလုံး တစ်ယောက်မကျန် ယခုထက် ပိုမို ကြီးပွားဖို့ ပိုမို ချမ်းသာဖို့ နည်း

...များကို သိကြစေကာမူ လူတို့၏ဓမ္မတာမှာ မိမိတို့အလို ...တိုင်း တိုးတက်အောင် လုပ်ကြမည်မဟုတ်။ တစ်ယောက်ကို ...ယောက် ဟောပြော၍သာ နေကြပေလိမ့်မည်။

မိမိတို့ သိရှိပြီးသော နည်းလမ်းများကို အသုံးမပြုဘဲ ...နေနိုင်အောင် အနိုင်အထက် ဖန်တီးသော အကြောင်းအရာ၊ ...ခြေအနေ၊တစ်ခုခု ပေါ်ပေါက်၍လာသောအခါကျမှသာ ...ပေါ် သို့ တုတ်ကျသဖြင့် လုပ်ကြဖို့ သတိရကြခြင်း ဖြစ်လေ ...ည်။ ဤကား ယခုအခါသို့ ရောက်သည့်တိုင်အောင် ဖြစ်ပျက် ...သော နည်းလမ်းဖြစ်လေရာ နောင်အခါမှာလည်း ထိုနည်း ...မ်းအတိုင်းသာ ဖြစ်ကြပေလိမ့်မည်။

ထိုနည်းတူသွာ လူသတ္တဝါတစ်ဦးစီ၊ တစ်ဦးစီ ကြီးပွား ...ချမ်းသာဖို့ နည်းလမ်းများကို မိဘ၊ ဆရာ၊ ပညာရှိများစွာတို့သည် ...အဘယ်မျှပင် ဟောပြောကြစေကာမူ သဘောကျရုံသာ ကျကြ ...ပြီး ထိုဆုံးမ သင်ပြချက်များနှင့် ညီညွတ်စွာ ကျင့်ကြံဖို့အရေး ...ကား ကိုယ်တိုင်မှာ တစ်စုံတစ်ရာ ဖြစ်သည့်အခါကျမှလည်း ...ကောင်း၊ ဖြစ်ရတော့မည့်အရေးကို ပြေး၍ မလွတ်သာ မရှောင် ...သာအောင် သိသိသာသာ ထင်မြင်ကြရသည့်အခါကျလည်း ...ကောင်း ကျင့်ကြံတတ်ကြလေသည်။

ထို့ပြင် အဟုတ်တကယ် ကြီးပွားချမ်းသာလိုသည့် ...ဒိုလ်များမှာ တစ်စုံတစ်ယောက်၏ ကြီးပွားချမ်းသာခြင်းကို

စောင့်မျှော်၍မနေ၊ အခြားသူ တစ်စုံတစ်ယောက် ပောပြောဖို့ မလိုအောင် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် နှစ်နှစ်ကာကာ ဟောပြောဆုံးမမြဲ ဖြစ်လေသည်။

သို့ဖြစ်လေရာ ကြီးပွားမည့် ပုဂ္ဂိုလ်များသည် အလို အလျောက် လိမ္မာ၍လာကြသဖြင့် ထိုပုဂ္ဂိုလ်များမှာ ဆုံးမရန် မလို၊ လမ်းမှန်ပြဖို့သာရှိလေရာ ထိုလမ်းကို ကိုယ်တိုင် သိကြလျှင် ကား သာလွန်၍ ကြီးပွားမြန်လေသည်။

အခါများစွာ ကြီးပွားချင်သဖြင့် သူတစ်ပါးကို အားကျ ပြီး အလွဲကို လုပ်ကြလေသည်။ သို့ဖြစ်လေရာ မိမိတို့လုပ်သော အလုပ်တစ်ခုသည် မိမိနှင့် အဟုတ်ဆိုင်ပါ၏လား၊ အားကျ၍ လုပ်ခြင်းလားဟု သိအောင် သတိပြုဖို့လိုလေသည်။ သိဖို့နည်း မှာ အခြားမဟုတ်၊ ပထမအရွယ်၌ မိမိ လုက်သော အလုပ်တစ် ခုခုမှာ အတော်အတန် ဖြစ်မြောက်ပါ၏လား၊ အရာထင်ပါ၏ လားဟူသော အချက်ဖြစ်လေသည်။

ငယ်စဉ်ကစ၍ တစ်စုံတစ်ရာကို ဖြစ်မြောက်အောင် လုပ်မိလျှင် ထိုအလုပ်သည် ငါနှင့်ဆိုင်သောအလုပ် ဖြစ်သည်။ အဘယ်မျှပင် သိမ်ငယ်စေကာမူ ငါ၏အစွမ်းကြောင့် ကြီးကျယ် ရမည်ဟု ယုံကြည်ကာ စွဲမြဲစွာ လုပ်ဖို့သာ ရှိပေသတည်း။

○ ○ ○

## နည်းပြအခန်း (၁၉)

## ကြီးပွားရေး

လူ့ဘဝ၌ စိတ်၏ချမ်းသာခြင်း၊ အပြစ်ကင်းစွာ ပျော်နေခြင်းသည် လိုရင်းအချက် အကြီးဆုံးသော ရည်ရွယ်ချက်ကြီး ဖြစ်လေသည်။

လူ၏ဘဝသည် တိုတောင်း၏။ သို့ဖြစ်လေရာ ထိုသုခ ချမ်းသာခြင်းကို မြန်နိုင်သမျှ မြန်စွာ ချက်ချင်းရရှိအောင် ကြိုးစား မှသာ ထိုချမ်းသာကို အမှန်ရနိုင်လေသည်။

များစွာသော သူတို့၏စိတ်၌ ငါ အခု ချမ်းသာပြီ၊ အေးပြီဟု လုံးလုံး စိတ်ချခြင်းမရှိတတ်ပေ။ အလုပ်တစ်ခုခု၊ အကြံတစ်ခုခု ရည်ရွယ်ချက် ပေါက်ရောက်အောင်မြင်ပြီး ပျော်ပျော်ရွှင်ရွှင် နေဖို့ကို မျှော်လင့်ကြရာ ထိုမျှော်လင့်ခြင်းမှာ အဆုံးသို့ မရောက်ဘဲ အသက်သာဆုံး ကြရလေသည်။

ချမ်းမြေ့သာယာ ပျော်ရွှင်စွာနေဖို့ကို အချိန်ရွေးကာ

မျှော်လင့်ခြင်းကို အဆာပြေ စား၍မနေဘဲ ယခု လတ်တလော တွေ့ကြုံရသော အခြေအနေနှင့် ပျော်အောင်ကြံ၍ နေတတ်မှ သာ သုခချမ်းသာကို ရနိုင်လေသည်။

မျှော်လင့်သော သူတို့၏စိတ်၌ အစစ်ကို ရနိုးနိုး မှတ် ထင်ကြဟန်ရှိ၏။ မှတ်ထင်သလိုဖြစ်ဖို့ရန် များစွာ ခဲယဉ်းလေ ရာ အုတ်အရောရော ကျောက်အရောရောမှာ လတ်တလော ရွေးချယ်ကာ ရသမျှ သုခချမ်းသာကို ရှာတတ်မှသာ ရနိုင်လေ သည်။

ကွေကွင်း၍ နေကြသူများ ပြန်၍တွေ့လျှင် အဘယ်မျှ ပျော်မည်နည်း၊ ငါတို့ ယခုမှ မကွေမကွင်းဘဲ အတူတူ နေကြရ ၏၊ ပျော်စရာကြီး မဟုတ်ပါလော။

အချို့ မိန်းမများ၊ လင်ယောကျ်ား ပြန်မလာလို့ လည် ပင်းများရှည်အောင် မအိပ်ဘဲ မျှော်နေကြရ၏။ ငါတို့မှာ လင်မယားနှစ်ယောက်တည်း လည်ကိုဖက်၍ နေကြရသည်မှာ ပျော်စရာကြီးပါတကား။

အချုပ်အနေ ထောင်မှလွတ်တော့မည်ဖြစ်သော ထောင် သားသည် အတိုင်းမသိ ပျော်မှာပါ တကား။ ငါတို့မှာ လွတ် လွတ်လပ်လပ်၊ အိပ်ချင်အိပ်၊ စားချင်စား၊ ဆေးလိပ်သောက် လည်ပတ်လျက် ထင်နေသလို နေကြရ၏။ ပျော်စရာကြီးပါ တကား။

အချို့များ မကျန်းမာသဖြင့် နာလန်ထစဖြစ်သောကြောင့် လုပ်လိုက်မယ်၊ တိုင်လိုက်မယ်၊ ကြံလိုက်မယ်၊ စားလိုက်မယ်၊ သောက်လိုက်မယ်၊ ဝတ်စားပြီး ရုပ်ရှင် ပွဲသဘင်များကို ကြည့်ရှုမည် စသည်ဖြင့် တွေးမျှော်ကာ အားတက်လျှင် ပျော်ကြပေမည်။ ငါ့မှာ ကျန်းကျန်းမာမာကြီးပါတလား၊ အဘယ်အတွက် မပျော်ဘဲနေပါသနည်း စသည်ဖြင့် သုခကို ရှာတတ်လျှင် ချက်ချင်း ရနိုင်လေသည်။

ငြီးငွေ့သည့်အခါ၊ စိတ်ညစ်သည့်အခါတိုင်း ထိုကဲ့သို့ နှိုင်းစာခြင်းဖြင့် ဖြေဖျောက်နိုင်လေသည်။ ဖြေဖျောက်ရန် လမ်းကို သိအပ်ကြပေသတည်း။

○ ○ ○

## နည်းပြအခန်း (၂၀)

### သွားလျှင်ရောက်၏

ငယ်ရွယ်သူတို့သည် နောင်အခါများစွာ နောင် ဖြစ်မြောက်မည့် အခြေအနေကို ထင်မြင်လျက် လေထဲတွင် တိုက်၊ အိမ် ဆောက်တတ်ကြလေသည်။

ထိုတိုက်အိမ်သည် ထိုကဲ့သို့ တွေးတောထင်မြင်ရုံမျှနှင့် ဖြစ်ပေါ်လာမည်မဟုတ်ပေ။ အချို့လည်း စိတ်သဘောတူ၊ သူငယ်ချင်းနှစ်ယောက် သုံးယောက်နှင့် အဘယ်ပုံလုပ် ဘာကို လုပ်မည်ဟူ၍ ပြောဆိုတိုင်ပင်ကာ တကယ် ဖြစ်မြောက်သလို အားတက်လျှင် အိပ်ရာ၌ အိပ်ပျော်တတ်ကြလေသည်။

ထိုကဲ့သို့ ထင်မြင်ပြောဆိုကြသော်လည်း ထိုအခြေအနေမျိုးကို အဟုတ်တကယ် ရောက်လိမ့်မည်ဟူ၍လည်း

ကောင်း၊ တကယ်ရောက်အောင် ကြိုးစားမည်ဟူ၍လည်း ကောင်း၊ စိတ်ကို အတည်တကျ ဆုံးဖြတ်ခြင်း မပြုတတ်ကြပေ။ ရောက်ချင်သော အခြေအနေကို စိတ်ဖြင့် အပျော်အရုပ်ရေးသလို လုပ်နေကြခြင်းမျှ ဖြစ်လေသည်။

အချို့မှာလည်း လွန်စွာ စိတ်အားထက်သန်ကြလျက် မဖြစ်နိုင်သော ယူတိုပီယံခေါ် နည်းမျိုးဖြင့် ထိုအခြေကိုကို ရောက်အောင်လုပ်ဖို့ရန် ကြံတတ်ကြလေသည်။

ထိုအတွေးမျိုး၊ ထိုအထင်မျိုး၊ အကြံမျိုးတွေ ပေါ်သည့် အခါ ငါ အပျင်းပြေ တွေးသလား၊ တကယ် ထိုအခြေအနေကို ရောက်အောင် လုပ်ချင်သလားဟု မိမိတိုယ်ကို စစ်ဆေးရာ၏။

သို့ စစ်ဆေးရာ၌ တကယ်ရောက်အောင် ကြိုးစားချင်သော စိတ်ရှိမှန်း သိရသောအခါ ဖြစ်နိုင်ရဲ့လားဟု မေးရလေသည်။

အခြား မေးခွန်းတစ်ခုမှာ တကယ်ပဲလား၊ နောင် တစ်မျိုးသော စိတ်ကူးအသစ် ပေါ်ဦးမှာလားဟူသော အမေးဖြစ်လေသည်။

အကယ်၍ မပြောင်းမလဲ အမှန် ထိုအခြေအနေသို့ ရောက်လိုသော စိတ်ရှိက အဘယ်သောအခါကျလျှင် ထိုအခြေအနေသို့ ရောက်အောင်လုပ်မည်ဟူသော စကားမရှိစေရ၊ ထို

အခြေအနေသို့ရောက်အောင် ငါ အခု ဘယ်ပုံစ၍ ဘာကို လုပ်ရမည်ဟု ရှာကြံရာ၏။ သို့ ရှာကြံရာ၌ မိမိထက် တတ်သိလိမ္မာသူများအား မေးမြန်းရလေသည်။ ပစ္စုပ္ပန်နှင့် အနာဂတ်သည် ဆက်၍နေ၏။ အနာဂတ် အခြေအနေသည် ပစ္စုပ္ပန်အလုပ်မှ ထွက်ပေါ်၏။

ဟိုနေ့၊ ဟိုရက်၊ ဟိုလ၊ ဟိုနှစ်ကျမှ စ၍ လုပ်မည်။ အဘယ်အရာ တစ်ခုပြီးမှ စ၍လုပ်မည်ဟူသော စိတ်မျိုးကို မထားရ၊ ထင်မြင်သော ထိုအခြေအနေ၏အစကို ငါ ယခုပင် စမည်ဟု ရှာကြံကာ အုတ်မြစ်ကို ချကြရလေသည်။ မျိုးကို စ၍ တည်ရလေသည်။

ချစ်သော ရုပ်ပါရုံတစ်ခုကိုမြင်လျှင် ထိုရုပ်ပါရုံကလေးနှင့် ပေါင်းသင်းကာ အိမ်ချေ ရာချေနှင့် နေထိုင်ရန်ကိုသာ တွေး၍ နေမည်မဟုတ်၊ ထိုရုပ်ပါရုံရှင်ကို ရအောင် ငြိမ်၍မနေ၊ အနည်းဆုံးအားဖြင့် ထိုဆန္ဒအား တောင်လျှံသလောက်၊ လျှောက်ပြန်သံပေး လသာတုတ်ချစ် အလုပ်မျိုးကို စတင်၍ လုပ်ပေလိမ့်မည်။ သို့လုပ်ရာမှ အချက်ကောင်းပေါ်လျှင် ကော်မိအောင် လုပ်ချင်ပေလိမ့်မည်။ အဖျင်းဆုံးအားဖြင့် ပြတင်းပေါက်မှ အတွင်းကို ဖောက်၍ မြင်ရအောင် သစ်ပင်ကို တက်ချင်ပေလိမ့်မည်။ ငြိမ်သက်စွာ တွေး၍နေရုံနှင့် အေး၍နေမည် မဟုတ်ပေ။

ထို့အတူ လိုသော အခြေအနေကို ပေါက်အောင် နည်း

လမ်းကိုရှာ၍လုပ်ပေက ဧကန် အမှန်လမ်းစကို တွေ့ရပေလိမ့်မည်။

ဥပမာ။ ။ဆေးလိပ်ဆိုင်ကြီးတစ်ခုကို ဖွင့်ချင်၏။ စိတ်၌ထိုဆိုင်ကြီးကို ပြောင်လက်သားနားစွာ ထင်မြင်၏။ ထိုဆိုင်မှာ ၅၀ဝိ၊ ၁၀၀ဝိ ရှိမှ ဖြစ်နိုင်မည်၊ ယခု လက်ဝယ် ငါးကျပ်ပြည့်အောင် မရှိပေ။ အဘယ်ပုံ လုပ်ပါမည်နည်း။

မိမိ လက်ရှိအလုပ် မပျက်စေဘဲ ထိုဆိုင်၌ အရေးကြီးသော ပစ္စည်းများကို တဖြည်းဖြည်း စုရမည်။ ငွေ ၅ ကျပ်ကို ၁၀ ကျပ်ဖြစ်အောင် ဘာကို လုပ်ရမလဲဟု ကြံရမည်။ နည်းလမ်းရှိသမျှ စေ့စပ်စွာ ရှာဖွေ၍ မည်သူ့ကိုမျှမပြောဘဲ အရှုံးလို ရှာဖွေစုဆောင်းချေက ထင်မြင်သောဆိုင်သည် ပေါ်ပေါက်၍ လာရမည်သာတည်း။

ညနေခင်းအတွက် ဆေးဖိုးမရှိသော ဆေးသမားသည် ရန်ကုန်မြို့ အကြိုအကြား၌ သံပုံးစုတ်ကို ကောက်၍ ကမ်းနားမှ သဲကိုယူ၏။ သံချောင်းအတိုအစကို ရှာကြံ၍ ဖြတ်တောက်လျက် မီးဖိုဖြစ်၍လာသောအခါ တစ်ကျပ်၊ ငါးမတ်ဖြင့် ရောင်းကာ အေး၍သွားလေသည်။

ထို့အတူ ဧကယ် ကြီးပွားလိုသူမှာ ဖြစ်လိုသော အခြေအနေကို ထင်မြင်အောင် ရှု စေ့စပ်စွာ ရှာကြံ၊ နည်းလမ်းရှိသမျှ နား၍လုပ်ချေက လိုလားတောင့်တရာ အခြေအနေသို့ မသေ

လျှင် ရောက်ရလေသည်။ ထိုထင်မြင်သော အခြေအနေသို့ မသေလျှင် ရောက်ရလေသည်။ ထိုထင်မြင်သော အခြေအနေသည် ခရီးနည်းမဆုံးဖြစ်ရာ ကြိုးစား၍သွားလျှင် ရောက်မည်သာတည်း။

○ ○ ○

# နည်းပြအခန်း (၂၁)

## အတွက်မရှိ

စီးပွားရှာခြင်း၌ လောင်းကစားနည်းသည် ဘယ်အခါမှ ကြာမြင့်စွာ အကျိုးမပေး။ တစ်ခါတစ်လှည့်မှာ လိမ့်လဲ ပျက်စီးရမည်သာတည်း။

လောက၌ ကျိုန်းသေ ကြီးပွားနိုင်သော အရောင်းအဝယ် အလုပ်တွေ များစွာ ရှိကြ၏။ သို့ပါလျက် သူဌေးဖြစ်မြန်လိုသောစိတ်နှင့် (Speculation) ခေါ် လောင်းကစားခြင်းနှင့်တူသော အလုပ်များကို လုပ်ကြသည်မှာ များစွာ မှားယွင်းလေသည်။

ဥရောပတိုင်းသားများ ပြုလုပ်ကြသော အလုပ်များ၌ လောင်းကစားခြင်းနှင့် တူဟန်ရှိသောအလုပ်တွေ ရှိကြလေသည်။

ထိုအလုပ်များအနက် အသက်အာမခံ၊ မီးအာမခံ၊ လှိုက်ကုမ္ပဏီကဲ့သို့ သင်္ဘောပျက် အာမခံအလုပ်များ အပါအဝင် ဖြစ်ကြလေသည်။

၎င်းတို့၏အလုပ်မှာ တစ်စုံတစ်ယောက်သေလျှင် အဘယ်ရွေ့ အဘယ်မျှ လျော်မည်၊ အိမ်တစ်အိမ်ကို မီးလောင်လျှင် အဘယ်မျှ လျော်မည်၊ သင်္ဘောတစ်စင်းပျက်လျှင် အဘယ်ရွေ့လျော်မည်ဟူသော အလုပ်ဖြစ်၏။

စင်စစ်မှာကား လောင်းကစားခြင်းမဟုတ်၊ ၎င်းတို့သည် ဖြန်းမျှခြင်း ရာခိုင်နှုန်းများအကြောင်းကို သေချာစွာ တွက်ချက်ပြီး၍ ပိုင်လောက်၊ မိလောက်၊ နိုင်လောက်သောကြောင့်သာ ထိုအလုပ်များကို လုပ်ကြခြင်းဖြစ်လေသည်။

အသက်အာမခံကုမ္ပဏီများမှာလည်း ထို့အတူဖြစ်ရာ မင်းတို့သင်္ဘော မပျက်စေဘူး၊ ပျက်လျှင် မည်မျှပေးမည်၊ အခုငါတို့ကို အဘယ်ရွေ့ အဘယ်မျှ ပေးထားစေဟူသော နည်းမျိုးနှင့် လုပ်ခြင်းဖြစ်ရာ တစ်နှစ်လျှင် သင်္ဘော အဘယ်မျှလောက် ပျက်မည်ကို သေချာစွာ ဖြန်းမျှတွက်ချက် သိရှိပိုင်နိုင်ပြီး ဖြစ်ကြလေသည်။

မွန်တေကာလို ကစားဝိုင်း၊ မြင်းပွဲ၊ ကလပ်များမှာလည်း အဘယ်မျှပင် နိုင်ကြစေကာမူ ဒိုင်မှာ ရာခိုင်နှုန်း သုံးလေးဆယ်၊

ပုံသေမြတ်ရအောင် စီစဉ်ထားသောကြောင့် ကြီးကျယ်စွာ လုပ်ကိုင်ကြလျက် ဒိုင်များမှာ လူချမ်းသာတွေ ဖြစ်လေသည်။

သို့ဖြစ်လေရာ စီးပွားရှာခြင်း၌ အတွက်သည် လွန်စွာအရေးကြီး၏။

အိမ်ဆောက်ရာ၌ မှန်းချေထက် ပို၍တုန်ကြမြဲဟူသော စကားသည် အတွက်မရှိသော သူများ၏ စကားဖြစ်၏။

အတွက်မရှိဟူသော မြန်မာစကားကြောင့် မြန်မာလူမျိုးများစွာ၊ အကျိုးယုတ်ကြ၏။ ဆိုင်များမှာလည်း အတွက်မရှိ အရှုံးအမြတ်မှ မသိ၊ ချောင်နိုး၊ လည်နိုးနှင့် မသယ်နိုင် မပိုးနိုင်သော အခါကျမှသာ ရှုံးကြောင်း သိရလေရာ ပျက်စီး ဆင်းရဲခြင်းကို အပင်ပန်းခံ၍ ရှာကြသည်နှင့် တူလေသည်။

○ ○ ○

## နည်းပြအခန်း (၂၂)

### ကြောက်လျှင်သေ

အကြောက်သည် လူတို့၏ အကြီးဆုံးသော ရန်သူဖြစ်၏။ အကြောင်းမူကား များစွာသော အနိဋ္ဌာရုံတို့သည် ကြောက်ခြင်းကြောင့် ဖြစ်ပေါ်၍လာရလေသည်။

ကပ်ရောဂါများဖြစ်သည့်အခါ ကြောက်သောသူတွေ အရင်သေကြလေသည်။

အကြောက်သည် သတိဉာဏ်ကို ကင်းလွတ်စေသဖြင့် အခက်အခဲ ဘေးရန်ခပင်းတို့နှင့် တွေ့ကြုံသည့်အခါအကြောက်သည် ရန်သူဘက်ကနေ ကူညီတတ်လေသည်။

"**ဂျူဂျစ်ဆူး**"ခေါ်သော ဂျပန်နပမ်းအတတ်သည် တစ်ဖက်သားကို ၎င်း၏အားနှင့် နှိမ်နင်းသော အတတ်ဖြစ်လေသည်။

အားစိုက်သမျှသည် အချက်ပိုင်သူ၏လက်တွင်း၌ မိမိကိုယ်ကိုသာ နာကျင်အောင် ပြုရာသို့ ရောက်လေရာ 'ဂျူဂျစ်ဆူး' အတတ်မှာ သူ့အားနှင့် သူ့ကိုပြန်၍သတ်သော အတတ်ဖြစ်လေသည်။

ထို့အတူ အကြောက်သည် ကြောက်သူကို ပြန်၍ထိခိုက်သော အားတစ်မျိုးဖြစ်သည်ဟု ဆိုအပ်ပေမည်။

လူမိုက်နှင့် လူကောင်းရန်ဖြစ်သောအခါ လူမိုက်က လက်ချက်ဦး၍ လူကောင်း သေရခြင်းသည် သူက လူမိုက်၊ ငါ့ကို သတ်လိမ့်မည်ဟူသော အကြောက်က လူကောင်း၏စိတ်မှာ ရှေးဏီးစွာ ဖိစီးခြင်းကြောင့် ဖြစ်လေသည်။

စာမေးပွဲများ၌လည်း ကြောက်ခြင်းကြောင့် ရှုံးရ၏။ ပရိသတ်ကို ကြောက်ခြင်းကြောင့် စကားထစ်၏။ ရုံးကိုကြောက်ခြင်းကြောင့် စကားမှား၏။ အကြောက်သည် အကြီးဆုံးသော မကောင်းဆိုးရွားခြင်း ဖြစ်လေသည်။

ကြောက်သောသူမှာ တစ်စုံတစ်ခုသော ဘေးရန်အခက်အခဲနှင့် ရုတ်တရက်တွေ့ရာ၌ ရုတ်တရက်ဉာဏ်သည်မကြောက်မှ ပေါ်လာနိုင်လေသည်။

တောလမ်းခရီးများ၌ လူဆိုးများသည် လက်နက်၊ ဓားလှံနှင့် လိုက်ကြသည့်အခါ လက်နက်မပါမရှိသဖြင့် ကြောက်၍

ပြေးလျှင် လူဆိုးများသည် လွယ်ကူစွာလိုက်၍ သတ်ကြပေလိမ့်မည်။ မကြောက်ဘဲ ခုခံသည့်အခါ၌ကား လွယ်ကူစွာ လိုက်၍ ရန်မရှာနိုင်ပေ။ လူမိုက်များ၏စိတ်၌ ငါ ဒင်းကို မားနှင့်လိုက်လျှင် ဒင်း ကေန်ပြေးမှာပဲဟူသောစိတ်က ရှေ့သွားဖြစ်လျက် ရှုးရှူး ရှားရှား လုပ်တတ်၏။ တစ်ဖက်သားက မကြောက်ဘဲ ပြန်၍လုပ်မည့်ဟန်ကိုပြနှင့်တစ်ပြိုင်တည်း မှန်းချေမကိုက်သဖြင့် ဆိုင်းရပ်ကာ ရှောင်၍ သွားတတ်လေသည်။

ပြေးလျှင် လိုက်အားရှိ၏။ ၎င်းတို့၏စိတ်၌ အခါခပ်သိမ်း တကယ် သတ်ပုတ်ဖို့ကြံသည်မဟုတ်။ သင်း လွတ်အောင်ပြေးမှာပဲဟူသော အထင်နှင့် လိုက်ခြင်းမျှ ဖြစ်တတ်လေသည်။

ထိုစိတ်သည် ဟန်စိတ်ဖြစ်၏။ သို့သော်လည်း မိလျက်နှင့် မလုပ်လျှင် ရှက်ဖွယ်ရာဖြစ်မှာကြောင့် ဟန်အဖြစ်မှ တကယ်ဖြစ်သွားပြီး မိလျှင် လုပ်ရတတ်လေသည်။

သို့ဖြစ်လေရာ လွတ်လောက်လျှင် ပြေးရှောင်၊ မလွတ်လောက်လျှင် သူ့ဟန်ကို ကိုယ့်ဟန်နှင့် ခုခံရမည်။ ပြေးမိ၍လိုက်မိလျှင်ကား မလွတ်လျှင် အရှက်ရမှာစိုးသောကြောင့် ကေန်အလုပ်ခံရမည်သာတည်း။

○ ○ ○

## နည်းပြအခန်း (၂၃)

### စိတ်လေ့ကျင့်နည်း

လူတိုင်းမှာ သဘာဝ နှစ်မျိုးရှိ၏။ တစ်မျိုးက အထက်သို့ မြောက်၍တင်၏။ တစ်မျိုးက အောက်သို့ဆွဲချလေသည်။

သို့မြှင့်၍ တင်သောသတ္တိ၊ ဆွဲ၍ချသော သတ္တိ၊ နှစ်မျိုး စင်ပြိုင်သည့်အခါ (Will) ခေါ် သော ဆန္ဒစိတ်ဖြင့် အမြင့်စိတ်ကို ကူညီပေးရလေသည်။

ထိုဆန္ဒဓာတ်၏ ကူညီခြင်းမရှိက ဆွဲချသော စိတ်နောက်သို့ လိုက်ပါဖို့သာ များလေသည်။

လူ၏ကိုယ်မှာ အာပေါဓာတ်အားကြီး၏။ အာပေါသည် အသက်ဓာတ်၊ အကျဓာတ် ဖြစ်၏။ ၎င်းနှင့် မဟာမိတ်ဓာတ်ဖြစ်၍ အလေးဓာတ်ဖြစ်သည့် ပထဝီကလည်း ဆွဲ၍ချလေ

သည်။ အကြောင်းမူကား ပထဝီသည် လေးတွဲသောဓာတ် ဖြစ်လေသည်။

သဘာဝအားဖြင့် လူသည် ၎င်းအလေးဓာတ်၏အစွမ်းကြောင့် အလွတ်ကိုသာလိုက်ချင်၏။ လူတို့မှာ ကိုယ်စီ ကိုယ်စီ တစ်မျိုးစီရှိရာ အလေ့အကျင့်များသည် လမ်းလွှယ်များ ဖြစ်ကြလေရာ အလေ့ပြုပြင် ပြောင်းလဲခြင်း မပြုလိုပေ။ ဤကားလေးသော ပထဝီအာပေါဓာတ်တို့၏ အစွမ်းဖြစ်လေရာ လူ၌အောက်သို့နှိမ့်ချသော သတ္တိဖြစ်လေသည်။

ထိုသတ္တိအားကြီးသူတို့က အင်္ဂလိပ်ဘာသာစကားဖြင့် သလိပ်ကဲလွန်သူ၊ အပျော့စား၊ အာပေါ်အစုံအသက်သမား၊ နက်ဂတစ် လက်ဝဲအုပဘာက်သားဟု ရှိလေသည်။

သို့ဖြစ်လေရာ တေဇော၊ ဝါယောနှင့်တူသော ဆန္ဒဓာတ် (will Power) အစွမ်းဖြင့် နှိုးဆွရလေသည်။

မူစလင် ကျမ်းစာများ၌လည်း ထိုအကြွ၏ဓာတ်၊ အားဓာတ်ကို ဂျင်းနှင့်နှိုင်း၏။ ဂျင်းကို စားကြရမည်ဟု ကျမ်းစာ၌ပါရှိသည်မှာ လူ၏ ပျော့ညံ့သော သဘာဝကို စိတ်ဆန္ဒတန်ခိုးဖြင့်နိုင်အောင်လုပ်ကြရမည်ဟု ဆိုလိုရင်း ဖြစ်လေသည်။

မကောင်းမှု၌ နှစ်လိုပျော်မွေ့ခြင်းသည်လည်း အပျော့စိတ်၊ သာယာချင်သော စိတ်ပင်ဖြစ်ရာ အကောင်းဘက်သို့ရောက်အောင် စိတ်အားအစွမ်းကို အသုံးပြုရလေသည်။

ထိုစိတ်အား သတ္တိများ လေ့ကျင့်ရ၏။ မလေ့ကျင့်သူမှာ အမြဲ ပျော့၍နေ၏။ လေ့ကျင့်ရန်မှာ မခက်၊ သက်သာခိုချင်သည့် စိတ်ပေါ်၍လာတိုင်း ထိုစိတ်ကို အခွင့်မပေးဘဲ ဆိုးယုတ်သော အသင်သလိပ်ပုတ်၊ ငါ၏အတွင်း၌ မနေသင့်၊ ထွက်လောဟု ပြောကာ မောင်းနှင်၍ ပစ်ရမည်။

စားချင်သော အဟာရစာကို မစားဘဲနေခြင်း၊ သွားချင်သော လမ်းကို မသွားဘဲနေခြင်း၊ ကြည့်ချင်သော အရာတစ်ခုကို မကြည့်ဘဲ မျက်လုံးမှိတ်၍နေခြင်း၊ ပြောချင်၍ ရိုးရိုးရွရွ ဖြစ်နေသော စကားကိုမပြောဘဲ အောင့်၍နေခြင်း၊ အတော်အတန် နာကျင်သည့်အခါ မနာဘူးဟု စိတ်ကိုဆောင်ခြင်း၊ စိတ်၌ တစ်စုံ တစ်ရာက တစ်စုံတစ်ယောက်က မခံချင်၍ စိတ်ဆိုးမည်၊ ကလဲ့ စားချေမည့်ဆဲဆဲရှိသောအခါ ငါခံမယ်ဟူသော စိတ်များကိုထား ခြင်းသည် အကောင်းဆုံးသော လေ့ကျင့်နည်း ဖြစ်လေသည်။

○ ○ ○

## နည်းပြအခန်း (၂၄)

### စူးစိုက်ခြင်း

ယခုခေတ်သည် အလုပ်များ၏ လျင်မြန်စွာ လုပ်ရသော ခေတ်ဖြစ်၏။ သို့ဖြစ်၍ စူးစိုက်စွဲမြဲခြင်း၏ လေ့ကျင့်ခန်းမှာ များစွာ ချို့ငဲ့လေသည်။ စူးစိုက်သောစိတ်သည် လူ၌ တန်ခိုးအကြီးဆုံး ဖြစ်လေသည်။ စူးစိုက်မှု ထွင်းဖောက်နိုင်၏။ ဆန်းသစ်သော ပညာ၊ များပြားထူးထွေသော ခေတ်ကာလ အသုံးအဆောင်များသည် စူးစိုက်သော စိတ်ကြောင့်ပင် ဖြစ်လေသည်။

စူးစိုက်သော စိတ်၊ ထက်သန်သလောက် လောက၌ ပေါက်ရောက်ကြီးပွား၍ ထိုစိတ်အားနည်းသလောက် လောက၌ သိမ်ငယ်ခြင်း ဖြစ်ရလေသည်။

လောကတွင် မကြီးမပွားသူ၊ မထက်မမြက်သူ နည်းသည်မှာ စူးစိုက်သော စိတ်ရှိသူ နည်းခြင်းကြောင့်ပင် ဖြစ်လေသည်။

ထိုစိတ်ကို အချို့က မရနိုင်အောင် ခက်ခဲသည်ဟု မှတ်ထင်ကြ၏။ သို့မှတ်ထင်ခြင်းကြောင့် မလေ့မကျင့်ကြပေ။ မလေ့မကျင့်ခြင်းကြောင့်လည်း မရဘဲနေကြလေသည်။ လေ့ကျင့်လျှင် မည်သူမဆို ရနိုင်လေသည်။

မိမိအလိုရှိသောအရာကိုဖြစ်စေ၊ သိလိုသောအကြောင်းအရာကိုဖြစ်စေ၊ စူးစိုက်စွဲမြဲ ထင်မြင်ကြံစည်လျှင် ပေါက်ရောက်ရရှိမြဲ ဖြစ်လေသည်။

ထိုစူးစိုက်သော စိတ်ကိုရအောင် လေ့ကျင့်ရန် မခက်ပေ။ အချို့ကား သမထ ဝိပဿနာအလုပ်ကဲ့သို့ ခက်ခဲစွာ ကျင့်ရမည်ဟု မှတ်ထင်ကြလေသည်။ ဤကဲ့သို့ ကျင့်ရန် အချိန်မရှိပေ။

ယခုကာလသည် အလုပ်များသော ကာလဖြစ်၏။ ကြီးပွားလိုသောစိတ်နှင့် အချိန်လွတ်ထားကာ အပို သမထကိုကျင့်၍နေဖို့မလို၊ ကြီးပွားလိုသူတို့မှာ လုပ်သောအလုပ်၌ စိတ်ကိုလုံးလုံးလျားလျား သွင်းပြီး ချွတ်ယွင်းခြင်းမရှိအောင် လုပ်ဖို့သာလိုပေသည်။

စာကိုဖတ်လျှင် စာထဲ၌ စိတ်ကိုထား၊ စာဖတ်ရင် လမ်းမှာမြင်ရသော အရာများဘက်သို့ စိတ်ကိုမရောက်အောင် ထိန်း

ဖို့သာ လိုလေသည်။ ကစားလျှင် ကစားထဲ၌ စိတ်ကိုသွင်း၍ ကစားခြင်းမှ ရရှိနိုင်သမျှသော အပျော်ကို အကုန်ရစေရမည်။

အိပ်ရာဝင်သည့်အခါ အိပ်မည်၊ အိပ်မည်ဟူသော စိတ်ကိုသာထားလျှင် မြန်စွာအိပ်၍ ပျော်လွယ်လေသည်။ စာကျက်ရာ၌ တွက်ရာချက်ရာ၌ စူးစိုက်စွာကျက်လျှင်၊ ကြံလျှင် အရမြန်လေသည်။ အဘာယ်နည်း၊ အဘာယ်ပုံ ပို၍ကောင်းအောင် ကြံရမည်ဟူ၍သာ တစ်ခုတည်းသော စိတ်ကိုထား၍ လုပ်ရမည်။ ထိုအခါ ပိုမို၍ကောင်းလျက် ထင်ပေါ်ကျော်ကြား၍လာလိမ့်မည်။ အကြံတစ်ခုခုကိုပြုရာ၌ ပေါ့ပေါ့ဆဆ ကံရှိလျှင် အောင်မြင်မှာပဲဟူ၍ သဘောမထားဘဲ အောင်မြင်ရမည်ဟူသော စိတ်ကိုခိုင်စွာထားလျက် ထိုအကြံထဲမှာသာ စိတ်ကိုထား၊ နည်းလမ်းရှိသမျှ ဖွေရှာ နှိုက်ချွတ်လျှင် အောင်မြင်ဖို့ရန် နည်းလမ်းထွက်ပေါ် ရလေသည်။ အဘာယ်မျှပင် ဉာဏ်ထိုင်းစေကာမူ စူးစိုက်စွာ ကြံလျှင် ပွင့်လင်း၍လာရလေသည်။

စူးစိုက်ခြင်းသည် စိတ်ပြားနှင့် ဖီလာဖြစ်လေသည်။ စိတ်ပြားခြင်းသည် ဝေးခြင်း၊ ပြန့်ခြင်း၊ ပြောင်းခြင်း ဖြစ်လေရာ တစ်စုံတစ်ရာမျှ မထိမရောက်၊ အရာမထင်၊ အထူးသဖြင့် ယင်းကဲ့သို့သော တစ်ခုကောင်း တစ်ဖက်သတ်ခေတ်မှာ သာ၍ပင် အကျိုးယုတ်လျက် အောက်ကျနောက်ကျဖြစ်ဖို့သာ ရှိလေသည်။

ထိုစူးစိုက်သော စိတ်သည် ညှို့ဓာတ်ဖြစ်၏။ တိရစ္ဆာန်

များမှာလည်း ထိုညှို့ဓာတ်ရှိလေရာ စပါးကြီးမြွေများ၊ အစာကို စောင့်သော ဥဗျိုင်း၊ ဒီးဒုတ်၊ ကြွက်ကိုစောင့်သော ကြောင်ကဲ့သို့သော သတ္တဝါများမှာ ၎င်းတို့၏ ခံတွင်းဝသို့ ရောက်ရလေသည်။

အောင်မည်၊ ရမည်၊ ဖြစ်မည်ဟူ၍ ယုံကြည်ကာ သို့လော-သို့လော မတွေးတောဘဲ စူးစိုက်စွာ ထင်မြင်လျက် နည်းလမ်းရှိသလောက်လုပ်လျှင် ဖြစ်မြောက်ရမည်သာတည်း။

လူ၏တာဝန်သည် ကြံဖို့ လုပ်ဖို့သာ ဖြစ်၏။ သို့လော သို့လော တွေးတောခြင်းသည် လူ၏တာဝန်မဟုတ်ဟု ပုံသေမှတ်ရမည်။

## နည်းပြအခန်း (၂၅)

### မရောင့်ရဲနှင့်

အများအားဖြင့် ချမ်းသာသူတို့နှင့် ဆင်းရဲသူတို့မှာ စိတ်နေသဘောထားပုံခြင်း ခြားနားကြလေသည်။

ရန်ကုန်မြို့ အစွန်အဖျားများ၌ သိမ်ငယ်စွာ နေကြသော သူများ၏ အခြေအနေကိုကြည့်လျှင် ဆင်းရဲသူတို့၏စိတ်ထားကို သိနိုင်လေသည်။

ယောက်ျားဖြစ်သူက လခ ၈၀ လောက် ရ၏။ သားမယားနှင့် ကလေးများမှာ ၈ ကျပ်အန် အခန်းကလေးနှင့် သွေ့သွေ့ခြောက်ခြောက် နေကြ၏။

သားမယားများမှာ လင်ယောက်ျားဖြစ်သူကို တမျှော်မျှော် နေကြရလေသည်။

ၑင်းတို့၏လခမှာ လောက်သည်ဟုမရှိ၊ အမြဲအားဖြင့် ကျပ်တည်းလျက် လက်ဖက်ရည်နှင့် ထမင်းကို မှန်မှန် စားရ သောက်ရခြင်းမှတစ်ပါး အပျော်အပါးဟူ၍မရှိ ၎င်းတလေးများ သားမယားများမှာ ရုပ်ရှင်ကိုမျှ မရောက်ကြပေ။

ယောက်ျားဖြစ်သူ၏စိတ်၌ သင်းတို့ထမင်းကို မှန်မှန်စား ရပြီး အဝတ်ထည်လဲ သုံးရုံလောက်ရှိလျှင် ပြီးတာပဲ၊ မြို့ထဲမှာ နေလျှင် ကျပ်တယ်၊ အစွန်အနားမှာ ချောင်လည်း အေးချမ်း တယ်၊ ငါ့မှာလဲ နည်းနည်းပါးပါး သုံးစားဖို့ ပိုမယ်ဟူသောစိတ် မျိုးကို ထားကြလေသည်။

၎င်းအခြေအနေသည် ၎င်းတို့၏စိတ်၌ ပိုင်းဖြတ်၍ထား သော အခြေအနေ ဖြစ်၍နေလေရာ စိတ်က ပိုင်း၍ထားမှ တကယ့် အခြေအနေမှာ တိုးဖို့မရှိတော့ပေ။

သားမယား၏စိတ်မှာလည်း ငါတို့တော့ ဒီလောက်ဆို ရင် ဟန်နေတာပဲ၊ နောက်ဖေးက မိခွေးတို့ထက်တော့ သာတာ ပဲဟူသော စိတ်မျိုးကို ထားကြလေသည်။

၎င်းတို့၏စိတ်၌ အညွန့်ကိုချိုး၍ထားသလို ဖြစ်၍နေ လေသည်။ ယောက်ျားများကလည်း မိမိ၏အခြေအနေကို အစွမ်းကုန် သဘောပိုက်ကာ ဝတ်စားသွားလာကာ ကျေနပ်၍ နေလေသည်။

ငါတို့အခြေအနေဟာ လွန်စွာ သိငယ်ပါကလားဟူသော အတွေးမျိုးသည် အဘယ်သောအခါမျှ မပေါ်၊ ထိုအခြေအနေထက် တိုးတက်ကြီးမြင့်အောင် ကြံစည်လုပ်ကိုင်လျှင်လည်း ဖြစ်မည်ဟု မယုံမကြည်၊ ၎င်းတို့၏ စိတ်မှာ အပေါင်းအသင်း သာရေး နာရေးနှင့် တင့်တယ်၍နေကြလေသည်။

ကြီးပွားတိုးတက်မည့်သူများမှာကား ထိုကဲ့သို့မဟုတ်၊ မိမိတို့အခြေအနေနှင့် မကျေနပ်၊ ထိုမျှလောက် အခြေအနေကလေးနှင့် မိမိတို့ကိုယ်ကို ဆင်ပြင်ဝတ်စားကာ ကျေနပ်၍မနေ၊ ကျေနပ်ခြင်းမရှိ ငါ၏အခြေအနေ အင်မတန် သေးနုတ်ပါကလားဟူသော စိတ်သည် အဘယ်အခါမျှမပျောက်။

ထိုစိတ်က အထက်ကို ပင့်မြှောက်တွန်းမလျက်သာ နေလေသည်။

တစ်နည်းအားဖြင့်ဆိုလျှင် ပထမလူမျိုးမှာ ရောင့်ရဲတင်းတိမ်လွယ်သဖြင့် ချမ်းသာသည်ဟု ဆိုရပေမည်။ သို့သော်လည်း လောက၌ လူလုပ်ခြင်းသည် မိမိတစ်ဦးတည်း စိတ်ကျေနပ် ရောင့်ရဲနေဖို့မဟုတ်ချေ။

စီးပွားဥစ္စာသည် များစွာသော ကောင်းမှုတို့ကို ပြုနိုင်လေသည်။ ဥစ္စာတည်းဟူသော လက်နက်ဖြင့် တိုင်းပြည်နှင့်လူမျိုး၏အကျိုးကို ဆောင်နိုင်လေသည်။

တစ်ကိုယ်ကောင်းစိတ်ဖြင့် ငါတို့မြေအဘွား အေးလျှင်ပြီးသည်ဟူသော စိတ်မျိုးထားရှိသူများမှာ အထူးပြောဖို့မလို၊ တောတောင်၌ တောင်ယာပဲခင်း လုပ်ကိုင် အသက်မွေးပြီး အေးအေးနေသူတွေ အများကြီး ရှိကြလေသည်။

ဖို့ဒ်-သူဌေးကြီး စီးပွားရှာသည့်မှာ တစ်ကမ္ဘာလုံး ခရီးအသွားမြန်ဖို့ ဖြစ်လေသည်။ အယ်ဒီဆင်၏ စီးပွားရှာနည်းမှာ လူ့သတ္တဝါဟူသမျှအတွက် အသုံးဝင်သော လက်နက်ကိရိယာ အမျိုးမျိုးကို ဖြစ်စေခဲ့လေသည်။

ဂျပန်လူမျိုး စီးပွားရှာသည့်မှာ ပစ္စည်းဥစ္စာ အမျိုးမျိုးဆင်းရဲသားများ ပေါများစွာသုံးကြရဖို့ဖြစ်လေသည်။ သို့ဖြစ်သောကြောင့် ဆင်းရဲခြင်းသည် လောကီသားမှန်သမျှအတွက် အောက်တန်းကျသောစိတ်မျိုး ဖြစ်လေသတည်း။

○ ○ ○

## နည်းပြအခန်း (၂၆)

### စူးစိုက်ခြင်းနှစ်မျိုး

စူးစိုက်ခြင်းဆိုသည်မှာ တစ်စုံတစ်ရာ၌ စိတ်ဝင်စားခြင်းကို ဆိုလိုသည်။ သို့သော်လည်း စိတ်ဝင်စားတိုက်း အကျိုးမရှိပေ။ အကျိုးယုတ်သော စိတ်ဝင်စားခြင်းမျိုးလည်း ရှိသေးလေသည်။

သို့ဖြစ်သောကြောင့် စူးစိုက်ခြင်းမှာ နှစ်မျိုးရှိသည်ဟု ဆိုရပေမည်။ ၎င်း (၂) မျိုးအနက် တစ်မျိုးမှာ စိတ်ကိုထိန်း၍ စူးစိုက်ခြင်း၊ တစ်မျိုးမှာ စိတ်ကိုလွှတ်၍ စူးစိုက်ခြင်း ဖြစ်လေသည်။

စိတ်ကိုလွှတ်၍ စူးစိုက်ခြင်းမှာ 'ဝိလပါဝါ'ခေါ် စိတ်၏ တန်ခိုးသတ္တိကို ဆုတ်ယုတ်စေသဖြင့် မကောင်းပေ။

စိတ်ကိုထိန်း၍ စူးစိုက်ခြင်းမှာ 'ဝီလပါဝါ' ဆန္ဒတန်ခိုးကို တိုးတက်စေသဖြင့် အကျိုးရှိလေသည်။

ဥပမာ သမီးရည်းစား ချစ်ခင်သူနှစ်ယောက် တွေ့ကြုံပေါင်းသင်းရာ၌ စူးစိုက်ခြင်းသည် စိတ်ကိုထိန်းခြင်းမဟုတ်၊ လွှတ်၍ပေးခြင်းဖြစ်၏။

ဝတ္ထုတစ်ပုဒ်ကိုဖတ်ရာ ကောင်းခန်းကို စူးစိုက်ခြင်းသည် စိတ်ကိုထိန်းခြင်းမဟုတ်၊ လွှတ်၍ပေးခြင်းဖြစ်လေသည်။ လောင်းကစားသမား ရုပ်ရှင်ကြည့်သူ စသည်တို့၏ စူးစိုက်ခြင်းမျိုးသည် ထိုကဲ့သို့ စူးစိုက်ခြင်းမျိုးဖြစ်ရာ အင်္ဂလိပ်ဘာသာစကားအရ (In Voluntary Concentration) ဟု ခေါ်၏။ အဓိပ္ပာယ်မှာ အလိုအလျောက် စူးစိုက်ခြင်း ဖြစ်လေသည်။

အကျိုးရှိသော စူးစိုက်ခြင်းမှာ စိတ်ကိုထိန်းရသော စူးစိုက်ခြင်းဖြစ်ရာ (Voluntary Concentration) ဟု ခေါ်၏။

၎င်းနည်းမှာ သမထနည်းဖြစ်သဖြင့် စိတ်ကို တစ်နေရာတည်း၌ သွင်း၍ထားခြင်းဖြစ်လေသည်။

၎င်း ဒုတိယ စူးစိုက်ခြင်းမှာလည်း နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးကား သေးငယ်သော အစက်ကလေးအတွင်း၌ စိတ်ကိုစူးစိုက်၍ထားပြီး ၎င်းအစက်ကလေးမှတစ်ပါး တစ်စုံတစ်ရာကို မတွေးမတောသော နည်းဖြစ်ရာ ထိုစူးစိုက်နည်းမှာ အိပ်မွေ့ချနည်းတစ်မျိုး ဖြစ်လေသည်။

လောကကြီးပွားရေး၌ ထိုစူးစိုက်ခြင်းမျိုး လို၏။ ထို ထက် ကျယ်ဝန်းသော စူးစိုက်ခြင်းကို အသုံးပြုရ၏။ ဥပမာ စာအုပ်တစ်အုပ်ပေါ်၌ရှိသော အစက်ကလေးတစ်စက်ကိုသာ စူးစိုက်၍ကြည့်ခြင်းဖြင့် စာအုပ်တစ်အုပ်လုံးကို ကြည့်ရှုမှတ်သား ခြင်းမှာ စာအုပ်တစ်ခုလုံးက ပိုမို၍ ကျယ်လေသည်။

ကြီးပွားအောင် လုပ်ကိုင်ကြံစည်ရာ၌ ဤ ဒုတိယ အကျယ်နည်းကို အသုံးပြုရလေသည်။

မိမိလုပ်သော အလုပ်၊ မိမိကြံသောအကြံ တစ်ခုလုံး အတွင်းမှာ စိတ်ကိုထားပြီး ထိုအလုပ်အပြင်ဘက်သို့ စိတ်ကို မထွက်စေဘဲ ထိုအလုပ်ထဲမှာသာ စိတ်ကိုထားခြင်း ဖြစ်လေ သည်။

သို့မှသာ ထိုအလုပ် ထိုအကြံနှင့်ပတ်သက်၍ သိစရာ၊ မှတ်စရာ အဖြာဖြာတို့ကို မြင်နိုင် သိနိုင်လေသည်။

အကယ်၍ စက်ကြီးတစ်လုံးကို ထိန်းရာ၌ ဝက်အူ ကလေးတစ်ခုကိုသာ ဂရုစိုက်နေလျှင် ဖြစ်မည်မဟုတ်ပေ။ စက်တစ်ခုလုံးနှင့် ဆိုင်ရာ၊ သိစရာ၊ ဂရုစိုက်စရာ ဟူသမျှကို အကုန်အစင် သတိနှင့်ကြည့်ရှုမှတ်သားရလေသည်။ သို့မှသာ အမြင်ကျယ်လျက် စေ့စပ်နိုင်လေသည်။

❂ ❂ ❂

## နည်းပြအခန်း (၂၇)

### အေးအောင်နေ

ညီကလေးကြောင့်၊ အစ်မအတွက်၊ နှမလေးတွေကို လူစော်ကားမှာစိုးလို့ မသွားနိုင် မလာနိုင်သဖြင့် ကြီးပွားလမ်းကို ပိတ်သူတွေ များစွာရှိကြလေသည်။ အချစ်ဆိုသည်မှာ ချစ်တုန်း ချစ်ခိုက်မှာသာ စွဲ၏။ မုန်းသောအခါ ပြတ်စဲလေသည်။

အခါများစွာ သင်းကြောင့်၊ သင်းကို ငါညှာခဲ့လို့၊ ဒင်းကို သနားခဲ့လို့၊ နို့မဟုတ်ရင် ငါ အခု ဘယ်လိုနေရမှာပဲ၊ ဘာဖြစ်နေပြီ၊ သင်းကို သက်ညှာခဲ့တာ တကယ်တကယ်စင် မှားတာပဲဟူသော စကားမျိုးကိုလည်း အခါများစွာ ကြားကြရပေလိမ့်မည်။

ထိုစကားမှာ အချစ်ရပ်၍ အမုန်းဓာတ် ဝင်သောအခါ ပြောသောစကားဖြစ်လေသည်။ သံယောဇဉ်တို့မည်သည် ဤနည်းအတိုင်း ဖြစ်လေသည်။

လောကမှာ အုပ်ထိန်းစောင့်ရှောက်ရသော လူကြီးတို့သည် သွေးစပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ မိမိ အုပ်ထိန်းစောင့်ရှောက်ရသူကို ခင်တွယ်မြဲ ဖြစ်လေသည်။

အုပ်ထိန်းခံရသူကား အုပ်ထိန်းသူကို မိမိအကျိုးအတွက်သာ ခင်မင်၍ နေတတ်ကြလေသည်။

မိဘာ သေဆုံးသော်လည်း မိဘနှင့် တစ်ညဉ့် ခွဲ၍မနေနိုင်သောကလေးသည် အစာဝဝစားရသည့်အခါ ကခုန်၍နေ၏။

သားသမီးအတွက် မိဘက ပူပင်သလောက် သားသမီးသည် မိမိတို့အတွက် ပူမည်မဟုတ်ပေ။

စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝသူသည် သားသမီးအတွက် အသေဖြောင့်၏။ ငါ့သား ငါ့သမီး မဆင်းရဲနိုင်ဟု စိတ်ချခြင်းကြောင့် အသေဖြောင့်ခြင်း ဖြစ်လေသည်။

ပစ္စည်းဥစ္စာမရှိဘဲ သားသမီး လူမမယ်တို့ကို ပစ်၍သွားရမည့်သူတို့သည် သားသမီးအတွက် ကြောင့်ကြခြင်းကြောင့် အသေကောင်းစွာ ဖြောင့်နိုင်ကြမည် မဟုတ်ချေ။

သို့သော်လည်း ပစ္စည်းကြောင့် ဒုက္ခဖြစ်နိုင်ကြောင်း မတွေးမိတတ်ပေ။ ပစ္စည်းမရှိသောကြောင့် ကိုယ်စွမ်းကိုယ်စနှင့် ကြီးပွားချမ်းသာနိုင်ကြောင်းကိုလည်း မစဉ်းစားတတ်ကြပေ။

သံယောဇဉ်အတွက် သောကရောက်ခြင်းသည် မဖြစ်

နိုင်သော အကြောင်းအရာတွေကို တွေးတော ပူပန်ခြင်းဖြစ်လေသည်။ အကြောင်းမူကား သတ္တဝါမှန်က မိမိကိုယ်ကို စောင့်ရှောက်နိုင်သော သတ္တိတန်ခိုး ပါရှိမြဲဖြစ်လေရာ သားသမီး လူမမယ်ပင် ဖြစ်စေကာမူ အမြဲ လူမမယ်ဖြစ်၍မနေ ကြီးရလေသည်။

စာရေးသူသည် လူပျိုပေါက်ကလေးဖြစ်စဉ်က အမေရိက ပင်ရှင်နယ်ရှိ တစ်ယောက်က အမေရိကန်သို့ ပညာသင်ခေါ် ရွာ နှမ အပျိုကလေးများကို စိတ်မချသည့်အတွက် မလိုက်ဘဲ နေခဲ့လေသည်။

ထိုနှမကလေးများမှာ ယခုအခါ လင်သား ရကြသောအခါ စာရေးသူကို **'ဖုတ်လေတဲ့ငါးပိ ရှိသည်ဟူ၍မှ မအောက်မေ့ကြပေ'** ထိုအခါ လွန်လေပြီးသော အမှားသည် အဘယ်အတွက် မှားရခြင်းပေနည်း၊ အဘယ်အတွက် ငါ ဤမျှလောက်သက်ညှာရပါသနည်းဟု တွေးတော နောင်တရမိလေသည်။ သေသူတို့မှာလည်း ထို့အတူဖြစ်၏။ သားသမီးကို မသေမီအတွင်းသာ ခင်တွယ်၏။ သေသောအခါ မေ့လျော့၏။ ရန်သူသော်လည်းကောင်း ဖြစ်နိုင်၏။ သို့တည်းမဟုတ် နောင်တမလွန်ဘဝသို့ရောက်၍ ဤဘဝကိုပင် သတိပြန်၍ ရနိုင်စေကာမူ သတိရသော အချိန်အခါသည် ဤဘဝအချိန်မျိုးမဟုတ်၊ နှစ်ပေါင်း ရာထောင်ကွာခြား၍ နေနိုင်လေသည်။ ထိုအခါ အဘယ်သူ့အတွက် ပူပင်ရန် ရှိပါတော့မည်နည်း။

မည်သူ့အတွက်မျှ မပူအပ်၊ အေးအောင်နေတတ်မှ လူလိမ္မာပညာရှိ ဖြစ်လေသည်။

ဤလောက၌ မည်သူက မည်သူ့ကိုမျှ အမြဲ မကယ်နိုင်ပေ။ တွေ့ရမည့် ဒုက္ခအမျိုးမျိုးကို မည်သူမျှ မမြင်မသိရပေ။

အိပ်မက်သည် ခေတ္တဘဝဖြစ်၍ တစ်မိနစ်ကို အိပ်မက်ထဲမှာ အကြာကြီး ထင်ရ၏။ အသင့် အချစ်ဆုံးသော သားကလေးသည် အသင်၏ရှေ့၌ အိပ်ပျော်၍နေ၏။ အိပ်ပျော်နေခိုက်မှာ တစ်ဘဝ ကူး၍နေလေသည်။ ထိုဘဝ၌ အဘယ်ကဲ့သို့သော ကြောက်မက်ဖွယ် ဒုက္ခတွေနှင့် တွေ့၍နေရသည်ကို အသင် မသိ၊ အိပ်ရာနိုး၍ အိပ်မက်သမျှကို မေ့လျှင်လည်း မေ့သောကြောင့်သာ သတိမရဘဲနေခြင်းဖြစ်၏။ အိပ်မက်၌ ခံရခိုက်မှာကား တကယ်ပင် ခံခဲ့ရလေသည်။

သေသူအတွက်လည်း ပူရန်မရှိ၊ ဤလောကကြီး၌ အကြီးအကျယ် မခံနိုင်အောင် ဆင်းရဲဒုက္ခ လွန်စွာနည်းပါး၏။ မခံနိုင်လျှင် ဘဝကူးရလေသည်။

သေခြင်းသည် အစွမ်းဆုံးသော ကယ်ဆယ်သူဖြစ်၏။ မည်သူမျှ မကယ်နိုင်သော ဒုက္ခဝေဒနာမှ သေမင်းကသာ ကယ်နိုင်လေသည်။

❂ ❂ ❂

# နည်းပြအခန်း (၂၈)

## ရွှဲ

အမေရိကန်တိုင်း၌ မျက်မမြင် ပန်းချီဆရာကြီးတစ်ယောက် ရှိ၏။ ၎င်းသည် တောကား တောင်ကားများကို ရေဆေးဖြင့် ရေးခြယ်ခြင်းအလုပ်မှာ လွန်စွာ ဝါသနာပါသဖြင့် ဆရာမရှိဘဲ မိမိဘာသာ လေ့ကျင့် ရေးချယ်ခဲ့ရာ သို့ လေ့ကျင့်လျက်နေစဉ် မျက်စိရောဂါရ၍ လုံးလုံးမကွယ်ရုံတစ်မယ်သာ ကျန်ရှိလေ၏။

၎င်း၏မျက်စိမှာ လုံးလုံးမကွယ်သော်လည်း ကွယ်သလောက် ဆိုးရွားသော အခြေအနေသို့ရောက်လျက် အဘယ်အရာကိုမျှ ကောင်းစွာ မမြင်ရ မှုန်မှုန်မွှားမွှားကလေးမျှသာ မြင်ရလေ၏။

သို့သော်လည်း ပန်းချီရေးခြင်း၌ စိတ်ကိုမလျှော့၊ ဘုရားသခင်က ငါ့ကို မရေးနှင့်ဟု ပြော၏၊ ငါ ဖြစ်အောင်ရေးမည်၊ ဘုရားသခင်က ငါ့အား မရေးစေလိုသည့်အတွက် ငါ၏မျက်လုံးကို ဖျက်၍ပစ်၏။ ငါကား ငြိမ်သက်စွာ ခံ၍မနေ၊ ဖြစ်အောင်ရေးမည်ဟူသော စိတ်ကိုဆောင်ကာ ရာသီကားများကို ရေးခြယ်လေသည်။

၎င်းရာသီကားများမှာ မိမိ၏မျက်စိနှင့် မှုန်မှုန်မွှားမွှား မြင်ရသည့်အတိုင်း ရေးခြယ်လေသည်။ နွေရာသီ မွန်းတည့်အချိန်၊ မိုးရာသီ နံနက်ခင်းအချိန်ဟူသော အမည်နှင့် တောကားတောင်ကားများကို ရေးလေရာ ၎င်းကားများမှာ ၎င်း၏မျက်စိနှင့် မြင်ရပုံအတိုင်း ရေးခြယ်ထားသော ကားများဖြစ်သောကြောင့် ကောင်းစွာ မထင်ရှားသော်လည်း ရာသီနှင့် အချိန်အခွင့်အသက်မှာ သေသေချာချာ သိသာလောက်အောင် ထင်ရှားပေါ်ပေါက်သဖြင့် ၎င်း၏ကားများကို ဒေါ်လာပေါင်းများစွာပေး၍ ဝယ်ကြရလေသည်။

ဤကား မလျှော့သောစိတ်၏ ဇွဲသတ္တိကလေးဖြစ်လေရာ ထိုဇွဲသတ္တိ၏အကျိုးကို ခံစားရလေသည်။

သို့ အကျိုးခံစားရခြင်းထက် အဖိုးတန်သောအရာမှာ လူ၏ဖွဲ့သည် လွန်စွာ တန်ခိုးကြီးသောကြောင့် ဇွဲကောင်းလျှင် ဘာမဆို ဖြစ်နိုင်ကြောင်း ပုံကောင်းသက်သေ ဖြစ်လေသည်။

ဒီမော်စတီနစ်ခေါ် ဂရိလူမျိုး တရားဟောဆရာကြီးသည် စကားထစ်သူ၊ အသူဖြစ်ပါလျက် ရာဇဝင်၌ အပြောအဟော အကောင်းဆုံးသော ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ကြိုးစားအောင်မြင်သည်မှာ ဖွဲ့၏အစွမ်း ဖြစ်လေသည်။

လူ၏တန်ဖိုးသည် ဉာဏ်ပညာ၌ မတည်၊ အင်အားဗလ၌လည်း မတည်၊ ဖွဲ့ကောင်းခြင်းမှာတစ်ကြောင်း၊ ယုန်နှင့်လိပ် အပြေးပြိုင်သောထုံးဖြင့် သိအပ်လေသည်။

ကြီးမြင့်လိုသောသူသည် လူဖျင်းအားကို ကမူးရှူးထိုးဆိုသည့်စကားလို မလုပ်ရ၊ စွဲမြဲစွာ လုပ်ရလေသည်။

ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟူသော စကားသည် ပညာကြီးခြင်း၊ ဉာဏ်ကြီးခြင်း၊ တစ်ဟုန်တည်း အစွမ်းကောင်းခြင်းကို မဆိုလို၊ မည်သည့် လူသာမန်မဆို ကြီးပွားနိုင်သောနည်းကို ညွှန်ပြခြင်းဖြစ်လေရာ ငါသည် ဉာဏ်ကြီးသူမဟုတ်၊ ငါသည် သာမန် လူစားဖြစ်၏ဟုတွေးတောတာ အားငယ်ဖို့မရှိ၊ တစ်စုံတစ်ခုကို စွဲစွဲမြဲမြဲလုပ်လျှင် ကြီးပွားနိုင်သည်ဟု စွဲမှတ်ကာ ဘာကိုမဆို ကောင်းသောအလုပ်မှန်က စွဲမြဲစွာလုပ်လျှင် ကြီးပွားရမည်သာတည်း။ ဥပမာ။ ။ ခြင်းလုံးကို အမြဲတော့ချနေလျှင် တစ်နှစ် ၅၀၀-၁၀၀၀ ရသောအလုပ်ကိုလုပ်ရင်း ဆပ်ကပ်ပွဲနှင့်တွဲကာ ကမ္ဘာကိုပင် နှံ့အောင်လည်နိုင်ဖို့ ရှိလေသည်။

## နည်းပြအခန်း (၂၉)

## ကိုယ်ပိုင်ဉာဏ်

ကြီးပွားရေးလမ်း၌ ပိတ်ဆို့ဟန့်တားသော အရာများတွင် လူအများကို ဂရုစိုက်၍နေခြင်း၊ လူတို့၏ ထင်မြင်ချက်ကို ကြောက်ခြင်း၊ လူပြောသူပြော စကားများကို သတိထား ဂရုပြုလွန်းနေခြင်းတစ်ခု အပါအဝင် ဖြစ်လေသည်။

လူတို့သည် စဉ်းစားဆင်ခြင်တတ်သော သတ္တဝါဖြစ်သော်လည်း ကိုယ်တိုင် ဆင်ခြင်တတ်သောဉာဏ်ကို အသုံးပြုသည်ထက် အများ၏ ထင်မြင်ချက်ကို ပိုမို လေးစားဂရုပြုသော စိတ်က ပိုမို အားကြီးလေသည်။

အများလူတို့ ဘယ်လိုတွေးကြသည်၊ ငါ့ကို ဘယ်လိုလူဖြစ်သည်ဟု မှတ်ထင်ပြောဆိုကြမည်ဟူသောအကြောင်းကို

လေးစားဂရုပြု၍နေသောစိတ်သည် မည်သူ့မှာမျှ လုံးလုံးကြီး မပျောက် မသိမသာ ရှိမြဲဖြစ်လေသည်။

ထူးထူးချွန်ချွန် အထွတ်အထိပ်သို့ ပေါက်ရောက်အောင်မြင်သောသူ အနည်းငယ်တို့သည် အများ၏ထင်မြင်ချက်ကို လေးစားဂရုပြုသည်ထက် ကိုယ်ပိုင်ထင်မြင်ချက်ကို ပိုမို၍ ဂရုစိုက်ရလေသည်။

လူ့သာမန်အပေါင်းတို့မှာ နေ့စဉ် သတင်းစာများ၊ ခေါင်းဆောင်များ တရားဟော ပုဂ္ဂိုလ်များ၏ ထင်မြင်ချက်များ ဆောင်ရာကို လေတိုက်သည့် အမှိုက်ပမာ လိုက်ပါ၍နေကြလေသည်။ ထိုလူများသည် လူ့သတ္တဝါများနှင့် လောကကြီးကို တိုးတက်အောင် တွန်းဆောင်ရင်း လောကကြီး၏ ဖိနှင်းကြိတ်နယ်ခြင်းများကို ခံကြရ၍ သေကြေ ပျက်စီးကြရလေသည်။

အမေရိကတိုက်ကိုတွေ့သော ကိုလံဘတ်စ်သည် ထိုကဲ့သို့သောနည်းဖြင့် ကမ္ဘာမြေ မျက်နှာပြင်ကို ချဲ့ခဲ့၏။ ကွန်ဖာနီကပ်ခေါ် သော ပညာရှိမှာ ထိုကဲ့သို့နည်းဖြင့် လောကကြီး၏ ကြိတ်နယ်ခြင်းကို ခံရလေရာ မီးဘေးဖြင့် သေရလေသည်။

လူတို့သည် အစဉ်အလာအားဖြင့် ထူးခြားဆန်းကြယ်ခြင်းကို မုန်းထားခြင်း အစဉ်အလာနှင့် အများထင်မြင်ချက်မှ တစ်ပါးသောအရာကို ရွှေကြာပင်ဟုခေါ် ကာ ပျက်စီးတတ်ကြလေသည်။

နောင်ကာလ ကုန်လွန်မှသာ မိမိတို့၏အမှားကိုသိကြလျက် မိမိတို့ကိုယ်တိုင် နှိပ်စက်ဖျက်ဆီးခဲ့သော ပုဂ္ဂိုလ်များကို ရုပ်ထုလုပ်ကာ ပလ္လင်ပေါ်မှာ တင်၍ရှိခိုးတတ်ကြလေသည်။

အမျိုးသားကို ကယ်ဆယ်လိုသော နိုင်ငံခေါင်းဆောင်တို့မှာ အမျိုးသား၏ ချီးမြှောက်ပူဇော်ခြင်းကို မသေမီခံရသော မျိုးချစ်ပုဂ္ဂိုလ်အစစ် နည်းပါးလေသည်။

ကြီးကြီးကျယ်ကျယ် ဖြစ်မြောက်အောင် ကြံစည်ကြိုးစားသူတို့မှာလည်း အများနှင့်မတူသော တွေးခေါ်ထင်မြင်ချက်ကို အသုံးပြုကာ အများမလုပ်ဝံ့သော အရာများကို စွန့်စားလုပ်ကိုင်ကြရလေသည်။

သို့လုပ်ကိုင်ရာ၌ အများနှင့်တစ်ယောက် တိုက်ခိုက်ရလေရာ ထိုတိုက်ခိုက်ပွဲကိုနိုင်မှ အထွတ်အထိပ်သို့ရောက်၍ ရွှေထီးဆောင်းရလေသည်။ ရှုံးလျှင်မြေကြီး ဖြစ်ရလေသည်။

အလွန်အကျူး အထူးအကြီးမြင့်လိုသူများ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုရဲသောသူများအတွက် ကြီးကြီးကျယ်ကျယ် ဖြစ်ဖို့လမ်းတွေ များစွာရှိလေရာ ဒေဝဒတ် အကြံကြီးသူ၊ အရူးဟု ခေါ်ခြင်းများကို မကြောက်လျှင် လူမနေသေးသော တောတောင်ဟူသမျှကို အစိုးရနိုင်လေသည်။ လူတို့သည် အများအားဖြင့် ကျွဲ၊ နွားများလို အုပ်နှင့်သွား၊ အုပ်နှင့်စား၊ အုပ်နှင့်နေချင်

ကြလေသည်။ တစ်ကောင်တည်း လွတ်ကျွတ်စွာ ကြံစည်လုပ်ကိုင်ဝံ့သူ နည်းပါးလေသည်။

မကျိုး၊ မကန်း၊ မရူး မသွပ်၊ ကျန်းမာသောသူတစ်ယောက်မှာ အများမကြံသောအကြံ၊ အများမလုပ်သော အလုပ်များကို လုပ်ရဲကြချေက ၎င်းတို့အတွက် ကမ္ဘာ့မြေကြီးသည့် စားကျက်လွန်စွာ ကျယ်သဖြင့် ပြေးစရာမြေ မရှိ၊ ပေးစရာငွေ မရှိဟူသော စကားသည် မဟုတ်မမှန်သောစကား ဖြစ်လေသည်။

အနုစိတ်၍ မြင်တတ်သော ဉာဏ်သာ လိုလေသည်။ လက်နက် ကိရိယာစုံ၍ ကျန်းမာသန်စွမ်းသော လူတစ်ယောက်သည် လူသူမနေသော တောတောင်ကိုသွား၍ လက်ထဲ၌ ပိုက်ဆံ တစ်ပြားမှ မပါစေကာမူ မငတ်နိုင်၊ ၎င်းတို့ရှိရာသို့ လူပေါင်းများစွာ စုရုံးလိုက်ပါ ရတနာရွှေငွေ ပုံ၍ပေးကြရအောင် ပထဝီမြေကြီး၏ ရင်ခွင်ကို ခွဲထုတ်ကာ အဖိုးတန် ဥစ္စာတွေ ဖော်နိုင်ကြလေသည်။ စဉ်းစားဉာဏ်မီအောင်၊ ဉာဏ်မျက်စိကိုသာ သုံးရန် လိုလေသည်။ ဘာကိုလုပ်ရမလဲ ပြော၍ပြပါဟု ပြောလာချေက ထိုကဲ့သို့ မေးသူမှာ ဉာဏ်မျက်စိ ကန်းသူဖြစ်လေသည်။ ထူးချွန်စွာ မကြံတတ်သူဖြစ်သည်ဟူ၍သာ ဆိုဖွယ်ရာ ရှိပေသတည်း။

❂ ❂ ❂

## နည်းပြအခန်း (၃၀)

### အထုံဝါသနာ

ကြီးသောကြောင့် စိတ်ကို မလျှော့နှင့်၊ အသက်သည် ကြီးသည်ဟုမရှိ ကိုယ်ခန္ဓာသာ ပို၍ ရင့်သောကြောင့် သေခါနီး လျှင် သချိုင်းကို မျက်စောင်းထိုးပြီဟူ၍ မတွေးအပ်ပေ။

'အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက်'ဟူသော စကားအရ သချိုင်းသည် ဝေးသူမှာ ဝေး၏၊ နီးသူမှာ နီးလေရာ နှစ်ပေါင်းအရေအတွက်နှင့် သချိုင်းသည် တစ်စုံတစ်ရာ မသက် ဆိုင်ပေ။ အများအားဖြင့် အိုသူမသေ၊ ပျိုသူတွေသာ သေကြ လေသည်။

သေခါနီး ဘာလုပ်တော့မလဲ၊ သေခါနီးပြီ ခွေးအိုကြီး လက်ပေးသင်နေလို့ ဘာအကျိုးလဲ၊ သေခါနီးပြီ၊ ဘာကြောင့်

ဒီလောက်တောင် ပင်ပန်းကြီးစွာ ရှာဖွေကြံစည်နေရမလဲ၊ ဤစကားမျိုးသည် အမြဲ ကြားရသော စကားများဖြစ်လေသည်။ ထိုစကားမျိုးကို ပြောသူတို့သည် မသိ၍ပြောကြသူများ ဖြစ်၏။

လောကသည် အဆုံးမရှိ အမြဲတည်၏။ လောကဓာတ်သည် ပျောက်ပျက်ခြင်းမရှိ၊ ပြောင်းလဲရုံသာ ပြောင်းလဲ၏၊ မည်သူမျှ သေပျောက်ခြင်းအဖြစ်သို့ မရောက်နိုင်၊ မထွက်နိုင်ခြင်းသည် မသေမပျောက်ခြင်းပင် ဖြစ်လေသည်။

ရန်ကုန်မြို့ တာမွေလမ်း ကြံတောလမ်းမှကြည့်လျှင် နေ့စဉ် အလောင်းတွေ သွားရသည်ကို တွေ့ရ၏။

စင်စစ် အလောင်းများသည် ခန္ဓာကိုယ်ပြောင်းလဲခြင်းမျှဖြစ်၍ သေပျောက်သည်ဟူ၍ကား မပြောနိုင်ပေ။ ကျန်ရစ်သူများနှင့်လည်း နှစ်ပေါင်း ၈၀၊ ၅၀ ထက် ကြာမြင့်စွာ မကွဲကြရပေ။

ငရဲမှာသော်လည်းကောင်း၊ နတ်ပြည်မှာသော်လည်းကောင်း တွေ့ကြရမည်သာတည်း။

လောကဓာတ်တစ်ခုလုံးမှာ ကြောက်စရာမရှိ၊ အသိအလိမ္မာ ကုသိုလ်ကောင်းမှု မရှိဘဲ ရောက်ရာဘဝမှာ အောက်ကျ နောက်ကျဖြစ်မှာသာ စိုးရလေသည်။ လူတစ်ယောက်ကို အဘယ်မျှပင် နှိပ်စက်ညှင်းဆဲစေကာမူ မသေလျှင် ခံနိုင်ရည်ရှိ၏ဟုမှတ်၊ မခံနိုင်လျှင် ဘဝကူးရလေသည်။ သို့ဖြစ်လေရာ

လောကစာတ်ကြီးမှာ သေမှာ၊ အိုမှာကိုကြောက်၍ နေစရာမရှိ၊ အမြဲ ပါရမီရင့်အောင် ကြိုးစား၍နေရန်သာ လိုလေသည်။ အဘယ်မျှပင် အသက်ကြီး၍ နေစေကာမူ သတိဉာဏ် မလစ်သေးသမျှ သင်ရမည်၊ ကြံရမည်၊ လုပ်ရမည်။ သို့မှသာ အထုံဖြစ်နိုင်လေသည်။ ဘဝ၌ ကြိုးစားဆည်းပူးသဖြင့် ရရှိသောတန်ခိုးသတ္တိအတိုင်းသာ ဖြစ်ဖို့ရှိလေရာ အယူတ်သဖြင့် အဝီစိသို့ ရောက်စေကာမူ အထုံရှိက ဗိုလ်ဆွဲနိုင်လေသည်။

ဉာဏ်ပညာမှာ အကောင်းအဆိုးနှစ်မျိုးရှိ၏။အကောင်းကို လေ့ကျင့်လျှင် ကောင်းသော အကျင့်အလေ့ အထုံကို ဘဝအဆက်ဆက်မှာရ၏။ အဆိုးဘက်မှာ လေ့ကျင့်ချေက ဘဝအဆက်ဆက်မှာ မကောင်းမှုများကို ပြုကျင့်လျက် မကောင်းမှု၏အကျိုးဆက်ကို ရောက်ရာဘဝမှာ ခံရလေသည်။ ဤသဘောတရားကား မည်သည့်ဘာသာနှင့်မျှ ဖီလာဆန့်ကျင်ခြင်း မပြုနိုင်၊ ဘာသာများ၌ အဘယ်မျှင် သင်ပြစေကာမူ သဘောတရားသည်ကား လမ်းအတိုင်း သွားမည်သာတည်း။

ဗုဒ္ဓဘာသာအရ သေခါနီး အထင်အမြင်သာလျှင် ပြဋ္ဌာန်းရ၏။ ဤစကား မှန်၏။ မကောင်းကို လေ့ကျင့်သူမှန်က မကောင်းကို ထင်မြင်ရမည်။ အကောင်းကို လေ့ကျင့်က အကောင်းကို ထင်မြင်ရပေမည်။ သို့ဖြစ်လေရာ ပညာ၊ ဥစ္စာ၊ ကုသိုလ်ကို ဆည်းပူးခြင်း၌ ဤဘဝကိုသာ မကြည့်ဘဲ ငါ မသေ

နိုင်၊ ငါ၏အလုပ်၊ ငါ၏အကြံ၊ ငါ၏အစွမ်းသတ္တိ ရှိဖို့သည်၊ ငါနှင့် မကွဲမကွာ၊ အရိပ်ပမာ အမြဲလိုက်ပါသည်ဟု ယုံကြည်ကာ၊ သေခါနီးတိုင်အောင် အကြံဉာဏ် လုံ့လကို မလျှော့အပ်ပေ။ နိဗ္ဗာန်ကို မရသေးသမျှ မသေသေးဟု ယုံကြည်ကြရာသတည်း။

○ ○ ○

## နည်းပြအခန်း (၃၁)

### ဘာကြောင့် စာတတ်သလဲ

စာသည် လူ၌ အစားထက်အရေးကြီး၏။ ကိုယ်ခန္ဓာ အတွက် စားသောအစာကို အစာဟုခေါ်၏။ စိတ်အတွက် လည်း အစာလိုလေရာ ထိုအစာကို 'စာ'ဟူ၍ ခေါ်ရလေသည်။

အဘယ်အတွက် စာကို ဖတ်အပ်ပါသနည်း။ ယခုအခါ သည် ရှေးခေတ်နှင့်မတူ ကြီးပွားရေးလုပ်ငန်းဟူသမျှ အတု အပြိုင်တွေ လွန်စွာများလေရာ ထိုအလုပ်များအကြောင်းနှင့် ဆိုင်သော စာများကို မဖတ်ချေက သိအပ်သလောက်တ မသိ သဖြင့် ကြီးပွားရေးပြိုင်ပွဲမှာ နောက်ကျန်၍ နေတတ်ကြလေ သည်။

'ကျော့ဘရန်း'ခေါ် သူက စာဖတ်ခြင်းသည် အသိကိုတိုး

စေ၍ မှားသော အစွဲအလမ်းတွေကို ပျောက်ပျက်စေသည်ဟု ပြောလေရာ စာဖတ်ခြင်း၌ မသိသောအရာဟူသမျှတွေကို သိဖို့ မှတ်ဖို့သာမဟုတ်ဘဲ အကျိုးများစွာ ယုတ်စေတတ်သော အယူ အစွဲအလမ်း အားလုံးတို့ကိုပင် ပျောက်စေနိုင်လေသေးသည်။ ရှေးနည်းတစ်ခုကို ကောင်းသည်ထင်၍ အမြဲပဲ အသည်းစွဲ မှတ်ထားသူတစ်ယောက်မှာ ယခုခေတ်ကာလ စာကိုဖတ်သဖြင့် ထို နည်းလမ်းထက်ကောင်းသော နည်းလမ်းကို ရရှိလျှက် တိုးတတ်သော အသိကို ရနိုင်လေသည်။

ပင်ကိုယ်ဉာဏ်ဖြင့် ကမ္ဘာကျော်အောင် ကြီးပွားတိုးမြင့်သော၊ အယ်ဒီဆင် ကလဘင်ဂိုသီလည်းကောင်း ပုဂ္ဂိုလ်ကျော်များသည် အထူး စာဖတ်သူများ ဖြစ်ကြ၏။ ၎င်းတို့၏ဉာဏ်ဝို ပင် ကိုယ်ပိုင်ဉာဏ်ဟု ခေါ်ရသော်လည်း စာထဲ၌ တွေ့ရှိရသော အပဲ့၏ညှောက်ကိုမှီသဖြင့် ပေါ်ပေါက်ရသော ပင်ကိုယ်ဉာဏ် ဖြစ်လေရာ စာမဖတ်လျှင် ပင်ကိုယ်ဉာဏ်မရ၊ ထိုပင်ကိုယ်ဉာဏ် မရက မကြီးပွားနိုင်၊ လူသာမန် အောက်တန်းစားဖြစ်ဖို့သာ ရှိလေတော့သည်။

စာကိုဖတ်တတ်ဖို့ရန် စာဖတ်ရခြင်းမဟုတ်။ တတ်ဖို့၊ သိဖို့၊ လိမ္မာဉာဏ် ရင့်သန်ဖို့ ဖတ်ရလေသည်။

'လူတို့သည် ကိုယ်တွေ့ဖြင့် အဘယ်အလုပ်၊ အဘယ် အကြောင်းအရာတို့ကိုမျှ ကုန်စင်အောင်မသိ၊ နှစ်ပေါင်းများစွာ

စုံစမ်းတွေ့ကြုံရရှိခဲ့သော လူပေါင်းများစွာတို့၏ အသိတွေ၊ အတွေ့တွေကို စုရုံးထားသော စာအုပ်များကို ဖတ်ရမှသာ လုံလောက်သော အသိကို ရနိုင်လေသည်။

ကမ္ဘာကျော် သူဌေးကြီး ကာနက်ဂျီအား အယ်ဒီတာ တစ်ယောက်က သံမဏိအကြောင်းကို ရေးပါဟုပြောရာ ဒေါ်လာတစ်သန်းပေးမှ မိမိ သိသော အကြောင်းအရာတို့ကို ရေးပေးနိုင်မည်ဟုပြောသဖြင့် အယ်ဒီတာက တစ်သန်း ပေးရလေသည်။ ထိုစာကို နောက်စာအုပ် လုပ်ရောင်းသောအခါ ဝယ်သူတို့မှာ တစ်သျှီလင် နှစ်သျှီလင်နှင့် တစ်သန်းတန်သော အသိကို ရကြလေသည်။ ကာနက်ဂျီသည် ထိုအသိကိုရဖို့ရန် မိမိကိုယ်တိုင် သန်းပေါင်းများစွာ ဆုံးပါးခဲ့ရလေသည်။

လူ၏အသက်သေသည့်တိုင်အောင် ဗဟုသုတအလိမ္မာကို တစ်ကိုယ်တည်း၏အတွေးဖြင့် လုံလောက်စွာ မရနိုင်ပေ။ သို့ဖြစ်လေရာ မိမိ အရင်အတွေ့အကြုံများသော လူပေါင်းများစွာတို့ ရေးသားခဲ့သော စာများကိုဖတ်မှသာ အကျိုးရှိသောအသိကို လုံလောက်စွာ ရနိုင်လေသည်။

စာတစ်အုပ်ကိုဖတ်လိုလျှင် ရေးသူ မည်သူနည်း။ ၎င်းမှာ ငါ့ကိုပေးနိုင်သော အသိ အလိမ္မာ လုံလောက်စွာ ရှိရဲ့လားဟူသော မေးခွန်းဖြင့် စာအုပ်ကို ရွေးချယ်ရမည်။

များစွာသော စာအုပ်ကို ရေးသူများမှာ အရည်အချင်း

မလိုလောက်ပေ။ ကိုယ်တိုင်မွဲ၍နေသူက သူဌေးဖြစ်လမ်းကို ရေးလျှင် ထိုစာကိုဖတ်ခြင်းကြောင့် သူဌေးဖြစ်မည် မဟုတ်ပေ။

စာမဖတ်သူသည် ကြီးပွားတိုးတက်ရေးလမ်း၌ တစ်နေ ရာမှာ ရပ်၏။ စာဖတ်သူမှာ မရပ်၊ သေမှသာ အတိုးရပ်ပေလိမ့် မည်။

တစ်ခါတစ်ရံ စာမဖတ်ဘဲ၊ မီးကျည်းပမာ၊ တစ်ဟုန် တည်းပင် ဝင်းထိန်၍တက်၏။ မကြာမီ မည်းမှောင်၍ကျရမည် မှာ မလွဲပေ။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်အခါက စီးပွားရေး ကြီးပွားရေးစာအုပ်များကို မရေးကြပေ။ ဝတ္ထုများ၌ ဇာတ်လိုက် များသည်လည်း ကြီးပွားလိုသော အကြံသမား၊ အလုပ်သမား မဟုတ်၊ လူလေတွေ ဖြစ်ကြသည်။

ဟင်နရီဖို့သည် ကြီးပွားရေးစာအုပ်ကို ရေးခဲ့၏။ ဆဲလ ဖရင်လည်း ကြီးပွားရေးစာ ဆရာဖြစ်၏။ ရောက်ဖဲလား ဆာအားနက်စ်ဘင်တို့နှင့် အခြားကုန်သည် သူဌေးကြီးများသည် လက်တွေ့ကြီးပွားရေးနည်းလမ်းများကို ရေးခဲ့ကြလေသည်။

စာကိုဖတ်သဖြင့် ကြီးပွားသူများ၏စာရင်းကို ကောက် ထုတ်၍ပြရမည်ဆိုလျှင် လွန်စွာ များပြားလေရာ ကွန့်ဝ်တို့ မြန် မာလူမျိုး အလုပ်သမား၊ အကြံသမား၊ ကုန်သည်များမှာ စာဖတ်

ခြင်းအလုပ်ကို မိမိတို့နှင့်မဆိုင်ဟု စွဲမှတ်၍ ထားကြသဖြင့် လျင်မြန်စွာ ပျက်စီးရလေသည်။

သို့ ပျက်စီးသောအခါ စာမတတ်သဖြင့် အကြောင်းရင်းကို မသိကြဘဲ ပျက်ချိန်တန်ပြီဟု စွဲမှတ်ကာ အဘယ်သောအခါ အကောင်းထဲ ရောက်မလဲ၊ ဘယ်သောအခါလွတ်မလဲဟု ဗေဒင်ဆရာထံ ငွေတစ်ကျပ်ပေး၍ မေးကြလေသည်။ ထိုငွေတစ်ကျပ်ကို စာအုပ်ဝယ်ရာ၌ အသုံးပြုချေက အမြဲ အကောင်းထဲမှ မထွက်ဘဲ အမြဲ ငြိုဟ်စီးငြိုဟ်နင်း လွတ်ကင်းချမ်းသာဖို့ ရှိလေသတည်း။

⚙ ⚙ ⚙